ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (14-6-2006) (၄၉၈၈)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ခြစည်းရိုးကြက်ဆူပင်နှင့် မိုးစပါး စိုက်ကောကျော်လွန်အောင် စိုက်ပျိုး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သရက်ခရိုင် ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးမှာကြား

နေပြည်တော် ဇွန် ၁၃

မကွေးတိုင်း သရက်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဇွန် ၁၁ ရက် နံနက် ၈ နာရီတွင် သရက်မြို့နယ် ထုံးတောင်ကျေးရွာအနီး၌ကျင်းပသည့် ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေး၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ လက်တွေ့ခံစားကြရ

ဌာနဆိုင်ရာများအနေဖြင့် စီမံကိန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရေအားလျှပ်စစ်စက်အသေးစားများ ကျေးရွာအစီအစဉ်ဖြင့်တပ်ဆင်ခြင်းကို ဖွံ့ဖြိုးအားပေး

နေပြည်တော် ဇွန် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇွန် ၁၁ရက် နံနက်ပိုင်းတွင် နမ့်ဆန်မြို့ရှိ မြို့ကျက်သရေဆောင် ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၅ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၄-၆-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

တည်ငြိမ်အေးချမ်းမှုရလဒ်နှင့် ငြိမ်းချမ်းရေးအနှစ်သာရများ ထာဝစဉ်အလေးထား

မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ်သည် လူမှုအခွင့်အရေး ပြည့်ဝစွာရရှိရေးအတွက် တိုးမြှင့်ဆောင်ကြဉ်းပေးနေသည့် အချိန်အခါဖြစ်သည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်မှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ အပြည့်အဝနီးပါး ရရှိနေပြီဖြစ်သည်။

ပြည်ထောင်စုကြီးအတွင်း နယ်မြေဒေသမရွေး၊ လူမျိုးမရွေး၊ လူဦးရေနည်းများမရွေး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဖန်တီးပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေရန် စီစဉ်လုပ်ကိုင်ပေးလျက်ရှိသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ခိုင်မာမြဲမြံသော ပေါင်းစည်းညီညွတ်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် အောင်မြင်တိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

သာဓကအားဖြင့် ကရင်ပြည်နယ်တွင် လူဦးရေ ၁၇ သိန်းနီးပါးရှိပြီး ဗမာ၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ရခိုင်နှင့် အခြား တိုင်းရင်းသားများ ပေါင်းစည်းနေထိုင်လျက်ရှိသည်။ ကရင်ပြည်နယ်သည် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ကတ္တရာလမ်း၊ ကျောက်သားလမ်းများ၊ ပြည်နယ်ချင်းဆက်၊ ခရိုင်ချင်းဆက် တံတားများကို တိုးမြှင့်ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ လွယ်ကူစွာ ကူးလူးဆက်သွယ် သွားလာနိုင်လျက်ရှိသည်။

ပြည်နယ်အတွင်း စပါးဧက ခြောက်သိန်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံဧကရှစ်သောင်း စိုက်ပျိုး လျက်ရှိရာ စားနပ်ရိက္ခာဖူလုံမှုရှိသည့်အပြင် ပိုလျှံထွက်ရှိ နေကြောင်း သိရသည်။ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးမှုများနှင့်အတူ သီးနှံစိုက်ဧက တိုးပွားလာပြီး သီးနှံအထွက် တိုးလာဦးမည်ဖြစ်သည်။

စိုက်ပျိုးရေးနည်းတူ သားငါးကဏ္ဍတွင်လည်း နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ကြက်နှင့် ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာလျက်ရှိသည်။ ဘားအံ၊ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ မြဝတီမြို့များတွင် မွေးမြူရေးဇုန်များ တိုးချဲ့လုပ်ကိုင်နေပြီဖြစ်သည်။ သစ်တော၊ စက်မှုလက်မှုနှင့် ဆက်သွယ်ရေးလုပ်ငန်းများ လိုက်လျောညီထွေ တိုးတက်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်း အခြေခံပညာကဏ္ဍ၌ ကျောင်းများ၊ ဆရာ၊ ဆရာမများ တိုးတက်လာမှုနှင့်အတူ ကျောင်းသား၊ ကျောင်းသူ ရှစ်သောင်းကျော် ပညာသင်ကြားနေကြသည်။ ဘားအံတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရကွန်ပျူတာ ကောလိပ်နှင့် ပညာရေးကောလိပ်တို့ကို ဖွင့်လှစ်ထားရာ လူငယ်လူရွယ်များ အဆင့်မြင့်ပညာရပ်များကို ဒေသအတွင်း၌ပင် လက်လှမ်းတမီ သင်ယူနိုင်ကြပြီဖြစ်သည်။

ကရင်ပြည်နယ်အပါအဝင် နယ်မြေဒေသများအားလုံး ဖွံ့ဖြိုးစည်ပင် တိုးတက်နေခြင်း၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်စွာ ပေါင်းစည်းယှက်နွယ် နေထိုင်နိုင်ခြင်း၏ အခြေခံသည် ငြိမ်းချမ်း တည်ငြိမ်ခြင်းပင် ဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ဖြစ်ထွန်းရရှိနေသော တည်ငြိမ်အေးချမ်းမှုရလဒ်များ၊ ငြိမ်းချမ်းရေး၏ အနှစ်သာရများ ထာဝစဉ်တည်တံ့ခိုင်မြဲနေစေရန် ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် အလေးထား တည်ဆောက်ထိန်းသိမ်း သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မြန်မာ့မီးရထား စက်ခေါင်းစက်ရုံက တီထွင်တည်ဆောက် ပြီးစီးသွားသည့် D2B-1101 စက်ခေါင်းအသစ် စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တီထွင်တည်ဆောက်ပြီးသည့် စက်ခေါင်းအသစ် စမ်းသပ်မောင်းနှင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း လိုက်ပါစီးနင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇွန် ၁၀ ရက် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်ဘူတာသို့ သွားရောက်၍ မြန်မာ့မီးရထား စက်ခေါင်းစက်ရုံက တီထွင်တည်ဆောက်ပြီးစီးသွားသည့် D2B-1101 စက်ခေါင်းအသစ် စမ်းသပ်မောင်းနှင်မှုကို ကြည့်ရှုစစ်ဆေးရာ စက်ခေါင်းစက်ရုံ(အင်းစိန်)မှ စက်ရုံမှူး ဒုတိယအထွေထွေမန်နေဂျာ ဦးစောဗယ်လင်တိုင်းက စက်ခေါင်းအသစ် တီထွင်တည်ဆောက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ခေါင်းအသစ်များကို တည်ဆောက်ရာတွင် အရေအတွက်နှင့် အရည်အသွေး အဆင့်အတန်း မြင့်မားတိုးတက်ကောင်းမွန်စေရေးတီထွင်ကြံဆကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် D 2B-1101 စက်ခေါင်းအသစ်ဖြင့် ကုန်တွဲများ ချိတ်ဆွဲကာ ကြည့်မြင်တိုင်ဘူတာမှ ဟံသာဝတီဘူတာအထိ စတင်စမ်းသပ်မောင်းနှင်မှုကို လိုက်ပါစီးနင်း ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ မြန်မာ့မီးရထားက ဂျပန်နိုင်ငံလုပ်မူလ စက်ခေါင်းအမျိုးအစား DD-51-1070 မြင်ကောင်းရေ ၂၂၀၀ရှိ အင်ဂျင်နှစ်လုံးကို မြင်ကောင်းရေ ၁၁၀၀ ရှိ အင်ဂျင်တစ်လုံးစီဖြင့် စက်ခေါင်း အသစ်နှစ်လုံးရရှိအောင် တီထွင် တည်ဆောက်ခဲ့ကြသဖြင့် စက်ခေါင်းအသစ်များ ပိုမိုရရှိကာ လူစီးရထားများနှင့် ကုန်ရထားများ၏ စက်ခေါင်းများအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။

(သတင်းစဉ်)

အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲနှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်း ဖွင့်ပွဲနှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ လှူဒါန်းပွဲအခမ်းအနားကို ဇွန်၆ရက်တွင် ယင်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် (၁)မြို့နယ်မှူး ဦးစံထွန်းက အမှာစကား ပြောကြားပြီး အလှူရှင် ရန်ကုန်မြို့ သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက် ပိုင်ရှင် သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြား၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၁၂၆ဦးတို့အတွက် ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ချွန်စက်နှင့် ခဲဖျက်တို့ကို တစ်နှစ်စာပေးအပ် လှူဒါန်းသည်။

အလှူရှင်အနေဖြင့် ရမ်းဗြဲမြို့ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ အသုံးပြုရန် အိုလံပီယာ လက်နှိပ်စက်တစ်လုံး၊ ရမ်းဗြဲမြို့နယ် ပြည်သူ့ဆေးရုံခွဲစိတ်ခန်းရှိ လေအေးပေး စက်နှစ်လုံး ပြုပြင်လှူဒါန်းခြင်းနှင့် ခွဲစိတ်ခန်းသုံး မီးလုံးများလှူဒါန်းခြင်း အပါအဝင် ယင်းလှူဒါန်းမှုပမာဏမှာ ငွေကျပ် ၁၀သိန်းကျော်ဖြစ်သည်။

အဆိုပါအခြေခံပညာမူလတန်းလွန် ကျောင်းကို ၂၀၀၄ခုနှစ်တွင် သမ္မတ နိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် ပညာရေး ဝန်ကြီးဌာန၏ မူလတန်းလွန် ကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။ (သတင်းစဉ်)

ဆွစ်ဇာလန်သမ္မတထံ သံအမတ်ကြီး ဦးစောလှမင်း ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၄

ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် မေ ၁၆ရက်တွင် ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံ သမ္မတ မစ္စတာ မိုရစ်(ဇ်)လျူအန်ဘာဂျာထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၂) ရပ်ကွက် မင်းရဲကျော်စွာလမ်းနေ ကွယ်လွန်သူ ဦးခင်မောင်အုန်း (အားကစားကလောင်ရှင် မိုးဟိန်းကို) နှင့် သားကြီး ဗိုလ်ကြီးပြေငြိမ်းမောင် (ငြိမ်း)တို့အား ရည်စူး၍ ဒေါ်သိန်းသိန်းတင်နှင့် သား ဦးဇော်သိန်းမောင် တို့က ငွေကျပ် ၁၁၁၁၂၀ ကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သမ္မတနိဗ္ဗာန်ကုန်နှင့် သင်္ကန်းတိုက်ပိုင်ရှင် ဦးသန်းနိုင်က ရမ်းဗြဲမြို့နယ် တိန်ပြင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း ရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အတွက် ကျောင်းဝတ်စုံများနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

World Blood Donor Day
ကမ္ဘာ့သွေးလှူရှင်များနေ့
I'm.........and I Save Lives!
"မွန်မြတ်ဖြူစင်စေတနာရှင် သွေးလှူခြင်းဖြင့်အသက်ကယ်တင်"
၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်
မြန်မာနိုင်ငံ ကြက်ခြေနီအသင်း

မွန်မြတ်ဖြူစင်စေတနာရှင် သွေးလှူခြင်းဖြင့် အသက်ကယ်တင်

တက္ကသိုလ်ဇော်ထူးဦး

သွေးလှူရှင်တို့သည် ခန္ဓာကိုယ်အတွင်းမှသွေးကို အကျိုးအမြတ် တစ်စုံတစ်ရာမမျှော်ကိုး အဖိုးအခမယူဘဲ လှူဒါန်းခဲ့ကြသည်။ နှစ်စဉ် ကမ္ဘာတစ်ဝန်း သွေးလှူဒါန်းမှုမှာ ယူနစ်သန်း ၈၀ ကျော်ရှိပြီး ယင်းအနက်မှ ၃၈ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှဖြစ်သည်။

နိုင်ငံအတော်များများ၌ သွေးလှူဒါန်းမှုများသည် သွေးလိုအပ်နေသော လူနာ၏ မိသားစုများထံမှလည်းကောင်း၊ မိတ်ဆွေသင်္ဂဟများထံမှလည်းကောင်း ရရှိကြသည်။ အချို့နိုင်ငံများတွင်မူ သွေးလှူရှင်များထံမှ အခကြေးငွေပေးကာရယူနေကြသည်။ သို့သော် ကမ္ဘာတစ်ဝန်းတွင် အခကြေးငွေမယူဘဲ စေတနာအလျောက် လှူဒါန်းကြသော သွေးလှူရှင်များသည် သွေးသန့်ဖြန့်ဖြူးပေးသူများအဖြစ် ရပ်တည်နေကြသည်။ အဘယ်ကြောင့်ဆိုမူ ထိုသူတို့ထံမှ သွေးသည် ကူးစက်နိုင်သည့် အိပ်ချ်အိုင်ဗွီနှင့် အသည်းရောင်အသားဝါဗိုင်းရပ်ကဲ့သို့ ရောဂါပိုးများ ကင်းစင်ကြသောကြောင့် ဖြစ်သည်။ ထိုသူတို့ကို ကမ္ဘာ့သွေးလှူရှင်များနေ့တွင် ရည်ညွှန်းဖော်ပြရန် ဖြစ်သည်။

၁၉၇၅ ခုနှစ်တွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအား စေတနာအလျောက် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှုအပေါ် အခြေခံ၍ မိမိတို့နိုင်ငံများတွင် နိုင်ငံတော်အဆင့် သွေးဝန်ဆောင်မှုလုပ်ငန်းများ တည်ထောင်ကြရန် တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းနိုင်ငံများသည် ဘေးအန္တရာယ်ကင်းရှင်း၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သွေးများ ရေရှည် ဖြည့်ဆည်းပေးနိုင်ရေးဟူသော ရည်မှန်းချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

၁၉၉၉ ခုနှစ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အထွေထွေ ညီလာခံတွင်လည်း သွေးဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးသတ်မှတ်ရေး မူဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့သည် ၂၀၀၀ ပြည့်နှစ် ကမ္ဘာ့ကျန်းမာရေးနေ့က သတ်မှတ်ခဲ့သည့် Blood Save Lives, Safe Blood Starts With Me ဆိုသည့် ဆောင်ပုဒ်ကို အခြေပြုကာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အသက်ရှင်သန်ရေးအတွက် အဖိုးတန်သော လက်ဆောင်ကို ပေးခဲ့ကြသည့် သန်းပေါင်းများစွာသော လူသားများအား ကျေးဇူးဆပ်ခွင့်ရရှိရန် ရည်ရွယ်သည်။ ကမ္ဘာ့သွေးလှူရှင် များနေ့ကို နှစ်စဉ်ကျင်းပကြရန် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ သွေးလှူရှင် အဖွဲ့အစည်းများက ၁၉၉၅ ခုနှစ်ကတည်းက စတင်ဆော်ဩခဲ့သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို စေတနာအလျောက် သွေးလှူဒါန်းမှုနှင့် အခကြေးငွေမယူဘဲ သွေးလှူဒါန်းမှုကို စည်းရုံးဆောင်ရွက်နေသော အဖွဲ့အစည်းသုံးခုဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းများ ဖက်ဒရေးရှင်း၊ နိုင်ငံတကာသွေးလှူရှင်အဖွဲ့များ ဖက်ဒရေးရှင်းနှင့် ကမ္ဘာ့သွေးသွင်းကုသမှုအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့အစည်း သုံးခုသည် ၁၉၂ နိုင်ငံကို ကိုယ်စားပြုသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ ၁၈၃ နိုင်ငံမှ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ စေတနာသွေးလှူရှင်အဖွဲ့အစည်းပေါင်း ၅၀၊ ကမ္ဘာတစ်ဝန်းရှိ သွေးသွင်းကုသမှုဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့သည် နိုင်ငံအသီးသီးတွင် မိမိတို့သတ်မှတ်ထားရှိပြီးသော အမျိုးသားသွေးလှူရှင်များနေ့ကို အစားထိုးရန် ရည်ရွယ်ခြင်း မဟုတ်ဘဲ အထူးအခွင့်အလမ်း တစ်ခုအဖြစ် စည်းလုံးညီညွတ်မှုကို အထောက်အကူဖြစ်စေသည့် နိုင်ငံတကာပါဝင်ဆင်နွှဲသည့်နေ့အဖြစ် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ကျင်းပရန်အတွက် နေ့တစ်နေ့ကို ရွေးချယ်ခဲ့ကြရာ အေ၊ ဘီ၊ အို သွေးအုပ်စုစနစ်ကို ရှာဖွေတွေ့ရှိခဲ့သည့် ကားလန်စတိန်းနား (Karl Landsteiner)၏ မွေးနေ့ဖြစ်သော ဇွန်လ ၁၄ ရက်နေ့ကို သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ယင်းနေ့ကို စေတနာအလျောက် သွေးလှူဒါန်းခြင်းနှင့် ပုံမှန်သွေးအလှူရှင်များ ပေါ်ပေါက်ရေးအတွက် အရေးကြီးသော အကြောင်းအရာများကို ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် စေတနာအလျောက် သွေးပေးလှူ၍ အသက်ကယ်ခြင်းမှာ မည်သည့်အရာနှင့်မျှ နှိုင်းမရသော ကူညီမှုတစ်ခု ဖြစ်ကြောင်း ဖော်ပြရန်ဖြစ်သည်။ တစ်ဖန် သွေးလှူဒါန်းမှုကို တိုးမြှင့်ကြရန်၊ မျိုးဆက်သစ် သွေးလှူရှင်များအနေဖြင့်အချိန်မရွေး နေရာမရွေး သန့်စင်သော သွေးကိုလှူဒါန်းကြရန်နှင့် အထူးသဖြင့် လူငယ်များအား ဦးတည်ကာ စည်းရုံးကြရန်ဖြစ်သည်။

သွေးလှူရှင်များသည် သန့်စင်သော သွေးပေးလှူသူများ ဖြစ်ကြသည်။ စေတနာသွေးလှူရှင်ဆိုသည်မှာ **"သွေး သို့မဟုတ် သွေးအစိတ်အပိုင်းများကို မိမိတို့၏ သဘောဆန္ဒအလျောက် ပေးလှူပြီး ထိုသို့ ပေးလှူသည့်အတွက် ငွေသားဖြစ်စေ၊ ငွေကြေးအစားထိုးဟု ယူဆနိုင်သော ပစ္စည်းဖြစ်စေ၊ တစ်စုံတစ်ရာ အခကြေးငွေဖြစ်စေရယူခြင်း မရှိသော သူ"**ကို ခေါ်သည်။

သန်းပေါင်းများစွာသောလူများသည် သွေးသွင်းကုသမှု ခံယူရန် နေ့စဉ်လိုလို လိုအပ်လျက်ရှိသည်။ သွေးသွင်းကုသမှုဖြင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်သော်လည်း ကူးစက်နိုင်သော ရောဂါပိုးပါသည့် မသန့်ရှင်းသောသွေးကြောင့် လူများစွာမှာလည်း ဒုက္ခအတိရောက်နေကြသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အိပ်ချ်အိုင်ဗွီကူးစက်မှုနှုန်းမှာ ၅ ရာခိုင်နှုန်းထက် မြင့်မားလျက်ရှိရာ ယင်းမှာမသန့်ရှင်းသော သွေးသွင်းမိခြင်းကြောင့်ဖြစ်သည်။ သို့အတွက် လူထုကျန်းမာရေး အရာရှိများအနေဖြင့် သွေးသန့်ရရှိရေးနှင့် စိတ်ချရသော သွေးဖြန့်ဖြူးနိုင်ရေးကို အာရုံထား ဆောင်ရွက်နေကြရသည်။

သို့အတွက် ယနေ့အချိန်အခါတွင် သွေးရရှိမှုထက် ရရှိသော သွေးသည် စိတ်ချရသော သွေး၊ သန့်စင်သော သွေးဖြစ်ဖို့ကို အလေးထား ဆောင်ရွက်နေရပေသည်။ စေတနာရှင်တိုင်း သွေးပေးလှူနိုင်သော်လည်း သွေးပေးလှူသော စေတနာရှင်တိုင်း သွေးသန့်အလှူရှင်အဖြစ် သတ်မှတ်၍ မရဖြစ်နေသည်။

စိတ်ချရသော သွေးလှူရှင်ဆိုသည်မှာ ၎င်းလှူဒါန်းသောသွေးမှ ရောဂါပြန့်ပွားမည့် ဘေးအန္တရာယ် နည်းပါးသော သွေးလှူရှင်ကို ခေါ်ဆိုပေသည်။ နိုင်ငံအများမှ သက်သေအထောက်အထားများအရ ဘေးအန္တရာယ်အကင်းဆုံး သွေးလှူရှင်များမှာ ရောဂါဖြစ်ပွားရန် အလားအလာနည်းပါးသည့် ပုံမှန်သွေးလှူရှင်များဖြစ်နေသည်ကို တွေ့ရပေသည်။ သို့အတွက် သွေးလိုအပ်၍ သွေးလှူရှင် ရှာဖွေမည်ဆိုပါက ပုံမှန်သွေးလှူရှင်များကို ရှာဖွေရန် လိုအပ်ပါသည်။ ထို့အပြင် သွေးလှူတော့မည်ဆိုပါကလည်း လှူမည့်သူသည် မိမိဘက်က စိတ်ချရပါသည်ဆိုသော အာမခံနိုင်ဖို့လိုအပ်သည်။ သို့မှသာ မွန်မြတ်သော အလှူဖြစ်မည်။

သွေးလှူရှင်ဖြစ်ဖို့ထက် သွေးသန့်အလှူရှင်ဖြစ်ဖို့ အရေးကြီးပေသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ၂၀၀၄ ခုနှစ်မှစတင်ပြီး ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ကြရာ ယခုနှစ်မှာ တတိယအကြိမ်မြောက်ဖြစ်သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ ဆောင်ပုဒ်မှာ I'm...... and I save lives; **"မွန်မြတ်ဖြူစင် စေတနာရှင် သွေးလှူခြင်းဖြင့် အသက်ကယ်တင်"** ဟူ၍ဖြစ်ရာ သင်၏ သန့်စင်သော သွေးတစ်စက်ကို လူ့အသက်အတွက် မွန်မြတ်သော အလှူဒါနအဖြစ် ပေးလှူကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စိတ်ချရသော သွေးလှူရှင်ဆိုသည်မှာ ၎င်းလှူဒါန်းသော သွေးမှ ရောဂါပြန့်ပွားမည့် ဘေးအန္တရာယ် နည်းပါးသော သွေးလှူရှင်ကို ခေါ်ဆိုပေသည်။ နိုင်ငံအများမှ သက်သေအထောက်အထားများအရ ဘေးအန္တရာယ်အကင်းဆုံး သွေးလှူရှင်များမှာ ရောဂါဖြစ်ပွားရန် အလားအလာ နည်းပါးသည့် ပုံမှန်သွေးလှူရှင်များဖြစ်နေသည်ကို တွေ့ရပေသည်။ သို့အတွက် သွေးလိုအပ်၍ သွေးလှူရှင် ရှာဖွေမည်ဆိုပါက ပုံမှန် သွေးလှူရှင်များကို ရှာဖွေရန် လိုအပ်ပါသည်။ ထို့အပြင် သွေးလှူ တော့မည်ဆိုပါကလည်း လှူမည့်သူသည် မိမိဘက်က စိတ်ချရပါသည်ဆိုသော အာမခံနိုင်ဖို့ လိုအပ်သည်။ သို့မှသာ မွန်မြတ်သော အလှူဖြစ်မည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅	၄။ မျိုးချစ်တပ်မတော်
၇:၂၀	၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၁၅	၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Korea Vs Togo (Delay)
၆:၀၀	၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၆။ နိုင်ငံတကာသတင်း
၆:၂၀	၇။ မိုးလေဝသသတင်း
၆:၂၅	၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၉။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့အိမ်ကလေး" (အပိုင်း-၃၆)**
၈:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၃။ **English Usage**
	၁၄။ ဗွီစီဒီကျော်ကြားတေးများ
	၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Tunisia Vs Saudi Arabia (Live)
	၁၇။ သင့်အတွက်မနက်ဖြန်
	၁၈။ အပိတ်နှုတ်ဆက်စကား
	၁၉။ ပြီးပါပြီ။

(၁၅-၆-၂၀၀၆)ရက်နေ့ နံနက်ပိုင်း ၀၁:၃၀ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Gremany Vs Poland (Live)

ဘိန်းဖြူချက်လုပ်သည့်စခန်း ပါကစ္စတန်၌ ဖျက်ဆီး

ကွီတာ(ပါကစ္စတန်) ဇွန် ၁၂

ပါကစ္စတန်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတပ်ဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး၌ စီးနင်းတိုက်ခိုက်ခဲ့ရာ ဘိန်းဖြူချက်လုပ်သည့်စခန်းကို ဖျက်ဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် လက်နက်များကိုလည်း သိမ်းဆည်းနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တည်ထောင်

ဘလူချီစတန်ပြည်နယ် ချာဂီဒေသ၌ လူဆိုးဂိုဏ်းများက ဘိန်းဖြူထုတ်လုပ်သည့်စခန်းတစ်ခု တည်ထောင်ထားသည်ဟူသည့်သတင်းကို တပ်ဖွဲ့ဝင်များက ခြေရာခံပြီး စနေနေ့တွင် ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်သည်။

ဖျက်ဆီး

အဆိုပါ စီးနင်းတိုက်ခိုက်မှုမှာ အကြီးမားဆုံးသော စစ်ဆင်ရေးဖြစ်ကြောင်း၊ ရွှေ့ပြောင်းနိုင်သည့် ဘိန်းဖြူချက်ရုံရှစ်ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အန်ဝါရူဟတ်က သတင်းထောက်များအားဘလူချီစတန်ပြည်နယ် မြို့တော် ကွီတာ၌ ပြောကြားသည်။

မော်ဖင်း ၂၀၂၅ ကီလို၊ ဘိန်းဖြူ ၁၀ ကီလို၊ ရိုင်ဖယ်သေနတ်များ၊ ဒုံးလက်နက်များနှင့် လက်ပစ်ဗုံးများကိုလည်း သိမ်းဆည်းရမိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ထိုင်းနိုင်ငံ ဘုရင်ဘူမိဘောအဒူယာဒက်၏ နန်းသက် နှစ် ၆၀ ပြည့် အထိမ်းအမှတ်အဖြစ် ရေတပ်မှလှေလှော်သားများ ကျောက်ဖယားမြစ်အတွင်း လှော်ခတ် လာသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမျိုးသမီးများ၏ စီးပွားရေးကဏ္ဍ မြှင့်တင်ရန် တရုတ်အစိုးရက ကြိုးပမ်းဆောင်ရွက်မည်

ကိုင်ရို ဇွန် ၁၂

တရုတ်နိုင်ငံအနေဖြင့် တရုတ်အမျိုးသမီးများ၏ စီးပွားရေးအခြေအနေ မြှင့်တင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ကလေးနှင့် အမျိုးသမီးဆိုင်ရာ တရုတ်အမျိုးသား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ အမျိုးသမီးဟောင်တီယန်ဟိုက ကိုင်ရိုမြို့တွင် တနင်္ဂနွေနေ့က ပြောကြားသည်။

တရုတ်အမျိုးသမီးများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန်နှင့်၎င်းတို့၏ စီးပွားရေး အခြေမြှင့်တင်ရန်အတွက် လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်တွင် စနေနေ့က ဖွင့်လှစ်ကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့အမျိုးသမီး ထိပ်သီးညီလာခံ အစည်းအဝေး၏ ပြင်ပ အစီအစဉ်တွင် ဟောင်က ဆင်ဟွာ သတင်းဌာနသို့ ပြောကြားခြင်းဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး သာတူညီမျှရေးကိစ္စ အကောင်အထည်ပေါ်ပေါက် လာစေရန်အတွက် တရုတ်နိုင်ငံက စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့ရာထူးခြားသည့်အောင်မြင်မှုများ ရရှိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံက ကုလသမဂ္ဂ စတုတ္ထအကြိမ်မြောက် အမျိုး သမီးညီလာခံကို ၁၉၉၅ ခုနှစ် တွင် ပေကျင်းမြို့တော်တွင် လက်ခံ ကျင်းပပြီးခဲ့သည့်နောက် အမျိုးသမီးများ လုပ်ငန်းအခွင့်အရေးများ စိတ်ချလက်ချ ရရှိစေရန်နှင့် စီးပွားရေး အရင်းအမြစ်များကို အညီအမျှခွဲဝေယူရေးနှင့် လူမှုရေးအရ တိုးတက်ဖြစ်ထွန်းမှုများ ရရှိနိုင်ရန်အတွက် တရုတ်နိုင်ငံက အစွမ်းကုန် ပြုလုပ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟေဖေးမြို့ရှိ နျူကလီးယား ဓာတ်အားပေးစက်ရုံတစ်ရုံကို ဇွန် ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလလုံခြုံရေးကောင်စီ အဖွဲ့ဝင်ဖြစ်ရေး ဗင်နီဇွဲလားဆက်လက်ကြိုးပမ်းမည်ဟုဆို

ကာရာကတ်စ် ဇွန် ၁၂

အမေရိကန်ပြည်ထောင်စုက ကန့်ကွက်မှုများ ပြုလုပ်သော်ငြားလည်း ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နေရာ ရရှိရေးကြိုးပမ်းမှုကို လက်လျှော့မည် မဟုတ်ကြောင်းဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ထောက်ခံ

ဗင်နီဇွဲလားနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်ရေးအတွက် မိမိတို့၏ မိတ်ဆွေဖြစ်သူ ဆီးရီးယား နိုင်ငံခြားရေးဒုတိယဝန်ကြီး၏ ထောက်ခံမှုအတွက် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း၊ ဘရာဇီးကလည်း မိမိတို့ကို ထောက်ခံခဲ့ကြောင်း ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံ ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းတွင် စတင်ပြုလုပ်နေကြောင်း၊ လုံခြုံရေးကောင်စီတွင် မိမိတို့အဖွဲ့ဝင်အဖြစ် နေရာမရစေရန် ကြိုးပမ်းနေကြောင်း ချာဗက်ဇ်က ဆက်လက်ပြောကြားသည်။

ဖိအားပေး

အမေရိကန်မကြိုက်သည့် အစိုးရအဖွဲ့မျိုး မရွေးမိစေရန် ရည်ရွယ်သည့် အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို ဦးတည်ကာ စိတ်ဓာတ်ရေးရာ အရ ဖိအားပေးမှုနှင့် အမြတ်ထုတ်သည့် အားကောင်းသည့် လှုပ်ရှားမှုမျိုးကို အမေရိကန်က ပြုလုပ်ခဲ့သည်ဟု ချာဗက်ဇ်က ထပ်လောင်းပြောကြားသည်။

တိုက်ဖျက်မည်

လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နေရာ ရရှိရေး ရည်မှန်းချက် ပေါက်မြောက်ရန်အတွက် ဗင်နီဇွဲလားက နယ်ချဲ့စနစ်ကို တိုက်ဖျက်သွားမည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြေငလျင်ဒဏ်ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ...

မြေသြဇာတင်သင်္ဘောနစ်မြုပ်

ဒါကာ ဇွန် ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းခရိုင်ရှိ ဘင်္ဂလားပင်လယ်အော်၏ ဆွမ်းဒစ်ရေလက်ကြား၌ ပြည်တွင်းရေကြောင်းသွား မြေသြဇာတင်သင်္ဘောတစ်စင်း စနေနေ့တွင် နစ်မြုပ်ခဲ့ကြောင်း ဘီအက်စ်အက်စ် သတင်းဌာနက ဖော်ပြသည်။

သင်္ဘောဝန်ထမ်း ၁၆ ဦးစလုံးကို ဘင်္ဂလားဒေ့ရှ်ရေတပ်သင်္ဘောတစ်စင်းက ကယ်တင်လိုက်ကြောင်း စစ်တကောင်းဆိပ်ကမ်းအာဏာပိုင် ထိန်းချုပ်ရေးဌာနနှင့် သင်္ဘောပိုင်ရှင်တို့၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းဌာနက ဖော်ပြသည်။

အမ်ဗွီဆူမီ–၃ သင်္ဘောမှာ နစ်မြုပ်သွားခဲ့သော်လည်း သင်္ဘောဝန်ထမ်းများမှာ လွတ်မြောက်ခဲ့သည်ဟု ၎င်းတို့ကို ရေတပ်သင်္ဘောက ကမ်းခြေသို့ ပို့ဆောင်ခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဖိလစ်ပိုင်နိုင်ငံ ဆော်ဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်မှ ပြာမှုန်များ မှုတ်ထုတ်နေသည်ကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘူလူဆန်မီးတောင် ပြာမှုန်များ မှုတ်ထုတ် ဒေသခံများ ပြောင်းရွှေ့ရန် သတိပေးထား

မနီလာ ဇွန် ၁၂

ဖိလစ်ပိုင်နိုင်ငံရှိ ဘူလူဆန် မီးတောင်သည် ကြာသပတေးနေ့က ပိုမိုလှုပ်ရှားလာသည့်အတွက် သတိပေးအဆင့်ကို တိုးမြှင့်ထားကြောင်း၊ ထိုမီးတောင်ထိပ်မှ ပြာမှုန်များ မှုတ်ထုတ်လျက်ရှိပြီး မီးတောင် ပတ်ဝန်းကျင်တွင် နေထိုင်သူများကို ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ရန် သတိပေးထားကြောင်း သတင်းတွင် ရေးသားဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ဘူလူဆန် မီးတောင်မှ ပြာမှုန်များ နှစ်ကီလိုမီတာအမြင့်ထိ လွင့်ထွက်လာသည့်အတွက် အာဏာပိုင်များက သတိပေးအဆင့်ကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လှုပ်နေသော မီးတောင်ခြောက်ခုတွင် ဘူလူဆန်မီးတောင်သည် လှုပ်ရှားမှု အများဆုံး ဖြစ်သည်။ ထိုမီးတောင်သည် မတ်လကတည်းက ပြာမှုန် ငါးကြိမ်မှုတ်ထုတ်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည်အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံကဲ့သို့ ပစိဖိတ်ချိုင့်ဝှမ်းဒေသတွင်ရှိပြီး ငလျင်နှင့် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားလေ့ရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ရှန်ဟိုင်းဥယျာဉ်၌ ဆင်ထိန်း သေဆုံး

ရှန်ဟိုင်း ဇွန် ၁၂

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းမြို့ရှိ ဆာဖာရီတိရစ္ဆာန်ဥယျာဉ်တွင် အသက် (၄၆)နှစ်အရွယ်ရှိ ဆင်ထိန်းတစ်ဦးမှာ ကြာသပတေးနေ့က ဆင်၏ရန်မူတိုက်ခိုက်မှုကြောင့် သေဆုံးရကြောင်း အဆိုပါ ဥယျာဉ်မှ သောကြာနေ့တွင် အတည်ပြုပြောကြားသည်။

နေထိုင်မကောင်းဖြစ်နေသော အဆိုပါ ဆင်ကို ကြာသပတေးနေ့ ည ၈ နာရီခန့်တွင် တိရစ္ဆာန်ဆရာဝန်များက ကုသပေးရာ ဆင်ထိန်း လီဂူဟွာက အကူအညီပေးနေစဉ် ဆင်က အစွယ်ဖြင့် ထိုးကော်၍ အဝေးသို့ပစ်ချခဲ့သည်။ လီသည် အဆိုပါ ဥယျာဉ်၏ အကာအရံပေါ်သို့ကျပြီး သေဆုံးခဲ့ကြောင်း ဥယျာဉ်ကြီးကြပ်ရေးမှူးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါဆင်ကို ရှန်ဟိုင်းဥယျာဉ်၌ ၁၉၉၉ခုနှစ်တွင် မွေးဖွားခဲ့ပြီး လီသည် ထိုဆင်၏ ဦးစီးဖြစ်ကြောင်း ဖော်ပြသည်။ ဆင်၏အရပ်မှာ ၃ ဒသမ ၂ မီတာရှိပြီး ကိုယ်အလေးချိန် ငါးတန်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဂျက်တိုက်လေယာဉ်နှစ်စင်း တိုက်မှုနှင့် စပ်လျဉ်း၍ ဂရိနှင့်တူရကီ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

အစ္စတန်ဘူ ဇွန် ၁၂

လွန်ခဲ့သည့်လက တူရကီနှင့်ဂရိနိုင်ငံတို့မှ ဂျက်တိုက် လေယာဉ်နှစ်စင်း တိုက်မိခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါ နှစ်နိုင်ငံမှ နိုင်ငံခြားရေး ဝန်ကြီးများက ယုံကြည်မှု တည်ဆောက်ရေးအစီအစဉ်သစ်များ ချမှတ်ဖော်ဆောင်ရန် စနေနေ့က သဘောတူညီခဲ့ကြသည်။

ဖော်ပြပါ အစီအစဉ်သစ်များတွင် နှစ်နိုင်ငံမှ ကြည်းတပ်ခေါင်းဆောင်များအတွက် အရေးပေါ်တယ်လီဖုန်းလိုင်း ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့် ရေးကိစ္စများပါဝင်ပြီး ယင်းအစီအစဉ်များကြောင့် အဆိုပါ နှစ်နိုင်ငံအနေဖြင့် အလားတူ ဖြစ်ရပ်များနောက်ထပ်မဖြစ်ပွားစေရန် တားဆီးနိုင်မည်ဟု မျှော်လင့်ကြသည်။

ကြေညာ

အဆိုပါ နှစ်နိုင်ငံသည် ၁၉၉၆ခုနှစ်က စစ်ဖြစ်ပွားလုနီးပါးအခြေသို့ ဆိုက်ရောက်ခဲ့ပြီး အေဂျီယန်ပင်လယ်ရေကြောင်းပိုင်နက် အငြင်းပွားမှုပြဿနာနှင့် ဆိုက်ပရပ်စ် ပြဿနာတို့နှင့် စပ်လျဉ်း၍ မဖြေရှင်းနိုင်ခဲ့ပေ။

ဖွဲ့စည်းမည်

ဂရိနိုင်ငံခြားရေးဝန်ကြီး ဒိုကာဘာကိုယန်နီနှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာဂါးလ်တို့သည် အစ္စတန်ဘူမြို့တွင် တွေ့ဆုံဆွေးနွေးပြီးနောက် ဖော်ပြပါအတိုင်း အစီအစဉ်သစ်များ ဖော်ဆောင်ရန် သဘောတူ ကြေညာခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်နိုင်ငံအတွင်း ခွဲခြားထားသည့်မြစ်မှ ရေလွှဲမှုတိုက်ဖျက်ရေးတွင် ပူးပေါင်း ဆောင်ရွက်ရေးအတွက် နယ်စပ်တံတား ဆောက်လုပ်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဖြစ်သည်။

တိုက်မိခဲ့

တူရကီနှင့် ဂရိနိုင်ငံတို့မှ အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ် နှစ်စင်းသည် အေဂျီယန် ပင်လယ်တွင်လွန်ခဲ့သည့်လက တိုက်မိခဲ့ပြီး အပြန်အလှန်စွပ်စွဲမှုများ ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။



သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်လျက် ကိုလံဘီယာနိုင်ငံ ကမ်းမရွှန်နက်စ် ပင်လယ်ကမ်းခြေတွင် ပင်လယ်လိပ်များကို ပြန်လွှတ်နိုင်ရန် ပြင်ဆင်နေသည်ကို ဇွန်၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ယခုနှစ်၏ ပထမဆုံး ဟာရီကိန်းမုန်တိုင်း အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ဦးတည်

မီယာမီ ဇွန် ၁၂

၂၀၀၆ ခုနှစ် အတ္တလန္တိတ်ဟာရီကိန်းမုန်တိုင်းရာသီ၏ ပထမဆုံး အပူပိုင်းမုန်တိုင်းဖြစ်သော အယ်လ်ဘာတိုမုန်တိုင်းသည် တနင်္ဂနွေနေ့တွင် ကျူးဘားနိုင်ငံသို့ ဝင်ရောက်ပြီး အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ဦးတည်လာနေကြောင်း အမေရိကန် အမျိုးသား ဟာရီကိန်းဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

မုန်တိုင်း ဗဟိုပြုလမ်းကြောင်းသည် မက္ကဆီကိုပင်လယ်ကွေ့အနောက်ဘက် လတ္တီတွဒ် ၈၇ ဒသမ ၇ ဒီဂရီနှင့် မြောက်လောင်ဂျီတွဒ် ၂၅ ဒသမ ၃ ဒီဂရီအနီးဖြစ်သည်။ ဖလော်ရီဒါကမ်းခြေအနောက်ဘက် စီဒါကေဒေသအနောက်တောင်ဘက် ၃၈၅ မိုင်ခန့် နေရာသို့ မုန်တိုင်းဝင်ရောက်လာကြောင်း မိုးလေဝသဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

အယ်လ်ဘာတို အပူပိုင်းမုန်တိုင်းနှင့် ပတ်သက်၍ သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ပြီးခဲ့သော နှစ်နှစ်တာကာလတွင် ဟာရီကိန်းရာသီချိန်၌ အမေရိကန်ကမ်းခြေဒေသသို့ ဟာရီကိန်း မုန်တိုင်းရှစ်ခု အဆက်မပြတ်ကျရောက်ခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နိုင်ငံ မီယာမီ မြို့ရှိ အမျိုးသား ဟာရီကိန်း ဗဟို ဌာန၏ လုပ်ငန်းခွင်တစ်နေရာကို ဇွန် ၁၂ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ – အင်တာနက်)*

အီရတ်တွင် ဗုံးဖောက်ခွဲ တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁၂

အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်သည် ကယ်ကွတ်မြို့အနီး ကင်းလှည့်နေစဉ် လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်သည် ကယ်ကွတ်မြို့အနောက်ပိုင်းတွင် ဇွန် ၉ ရက်က ကင်းလှည့်နေစဉ် ဗုံးဖောက်ခွဲခံရသဖြင့် အမှတ်(၁) ထောက်ပံ့ရေးတပ်မဟာမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဒဏ်ရာရသည့် တပ်ဖွဲ့ဝင်ကို စစ်ဆေးရုံသို့ တင်ပို့ပေးခဲ့ သည်ဟုဆိုသည်။

သေဆုံးသူ တပ်ဖွဲ့ဝင်၏ သတင်းကို ၎င်း၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်သဖြင့် ၎င်း၏အမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

အမ်အင်အေ၊ ဆင်ဟွာ။

လန်ဒန်ရဲတပ်ဖွဲ့၏ မှားယွင်းရှာဖွေမှု ဝေဖန်ခံရ

လန်ဒန် ဇွန် ၁၂

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်တွင် ရဲတပ်ဖွဲ့က အကြမ်းဖက်မှု တိုက်ဖျက်ရေး စီးနင်းရှာဖွေမှုကို ရက်သတ္တပတ်တွင် ပြုလုပ်ခဲ့စဉ်အတွင်း ဖမ်းဆီးရမိခဲ့သူနှစ်ဦးအနက် တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် မှားယွင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်ဟု ဝေဖန်မှုများ ပေါ်ထွက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

စွဲချက်မတင်ဘဲ ဖမ်းဆီးခဲ့သည့် အသက် ၂၀ ရှိ အဗ္ဗဒူကွိုင်ယာနှင့် အသက် ၂၃ နှစ်ရှိ မိုဟာမက် အဗ္ဗဒူကာဟာတို့ကို ရဲတပ်ဖွဲ့က သောကြာနေ့တွင် လွှတ်ပေးလိုက်သည်။ လန်ဒန်အရှေ့ပိုင်းရှိ ၎င်းတို့အိမ်ကို ရဲတပ်ဖွဲ့က စီးနင်းရှာဖွေခဲ့စဉ် ဗုံးရှာဖွေမတွေ့ရှိခဲ့ကြောင်း ဝန်ခံပြောကြားသည်။

ဗြိတိန်ရဲတပ်ဖွဲ့အနေဖြင့် ယင်းသို့ စီးနင်းရှာဖွေမှု ပြုလုပ်ခဲ့စဉ်အတွင်း မှားယွင်းမှုများ ဆက်တိုက်ပြု လုပ်ခဲ့မှုအတွက် သင်ခန်းစာယူသင့်ကြောင်း လန်ဒန်မြို့ပြ ရဲအာဏာပိုင်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မူရတ်ကြူ ရီရှီက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဇွန် ၁၁ရက်က ဂျာမနီနိုင်ငံ ဘာဒင်မြို့တွင် ကျင်းပသည့် နိုင်ငံတကာ စက်ဘီးစီးပြိုင်ပွဲတွင် ဘယ်ဂျီယံမှ တမ်ဘူနင်(အလယ်)ရှေ့ဆုံးမှ ပန်းဝင်လာစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

နို့မှုန့်အတုအန္တရာယ် တရုတ်တွင် သတိပေး

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံတွင် နို့မှုန့်အတုများကြောင့်ကလေးများ သေဆုံးနိုင်ကြောင်း၊ နို့မှုန့်သည် အသက်အန္တရာယ် ထိခိုက်နိုင်ကြောင်း၊ နို့မှုန့်အတုကြောင့် ကလေး ၁၃ ဦးထက်မနည်း သေဆုံးခဲ့ရပြီးနောက်နှစ်နှစ်အကြာတွင် တရုတ်နိုင်ငံ အစားအစာဘေးကင်းရေးဌာနက သတိပေးချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့ဖလားပွဲတွင် တားမြစ်ဆေးသုံးစွဲမှု မတွေ့ရဟုဆို

ဘာလင် ဇွန် ၁၂

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် အသင်း ၃၂ သင်းမှ ဘောလုံးသမားများသည် တားမြစ်ဆေးသုံးစွဲမှု မရှိကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)တာဝန်ရှိသူများက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အားကစားသမားများ၏ ဆီးနမူနာ ၂၁၆ ခုကို ဓာတ်ခွဲစစ်ဆေးခဲ့ရာတွင် တားမြစ်ဆေးဝါးသုံးစွဲမှုကို မတွေ့ရကြောင်း ဖီဖာဆေးဘက်ဆိုင်ရာ အရာရှိချုပ် ဒီဗိုရက်က ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ရန်ကုန်မြို့နေ လူဦးရေခြောက်သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန် စားသုံးကုန်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိရေး ကုန်တင်ရေယာဉ်(အမြန်)လမ်းသစ် တိုးချဲ့ပြေးဆွဲ

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်)လမ်း တိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်း မော်တင်ဆိပ်ကမ်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်း၊ ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က မြစ်ဝကျွန်းပေါ်ဌာနခွဲ ကုန်တင်ရေယာဉ်(အမြန်)လမ်း တိုးချဲ့ပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်တွင်ကျင့်သုံးနေသည့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးတို့ကို အဓိကအထောက်အကူပြုနိုင်မည့် ကုန်တင်ရေယာဉ် (အမြန်)လမ်းသစ်ကို စတင်ပြေးဆွဲရခြင်းဖြစ်ကြောင်း။

မှတ်တမ်းများအရ ရေယာဉ်များဖြင့် တစ်လလျှင် ရေထွက်ပစ္စည်းများဖြစ်သည့် ငါး၊ ငါးပိ၊ ငါးခြောက်၊ ကဏန်း ပိဿာချိန် ၁၅ ဒသမ ၈၂ သိန်း၊ ကြက်/ဘဲ ကောင်ရေ ၁ ဒသမ ၀၃ သိန်း၊ ကြက်ဥ/ဘဲဥ ၇၅ ဒသမ ၀၉ သိန်း၊ အုန်းသီးလုံးရေ သုည ဒသမ ၀၈ သိန်း၊ ဆန်အိတ် ၁ ဒသမ ၀၉ သိန်း၊ ပဲအိတ် သုည ဒသမ ၁၆ သိန်း၊ ဧရာတ်အိတ် သုည ဒသမ ၀၈ သိန်း၊ ကုန်စိမ်းပိဿာချိန် သုည ဒသမ ၆၃ သိန်းခန့် ရန်ကုန်မြို့သို့ ဝင်ရောက်လျက်ရှိကြောင်း၊ တစ်လလျှင် ဆီပိဿာချိန် ၂ ဒသမ ၇၀ သိန်း၊ ကုန်ကြမ်းပိဿာချိန် ၇ ဒသမ ၉၂သိန်း၊ ကုန်ခြောက်ပိဿာချိန် ၇ ဒသမ ၂၁ သိန်း၊ ကုန်စိမ်းပိဿာချိန် ၇ ဒသမ ၉၃ သိန်းခန့် ရန်ကုန်မြို့မှ အထွက်ရှိကြောင်း၊ ထို့ကြောင့် ရေယာဉ်များဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းသည် အရေးပါလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အထူးတာဝန်

ရန်ကုန်မြို့နေ လူဦးရေခြောက်သန်းကျော်နှင့် မြန်မာပြည်အရပ်ရပ်ရှိ စားသုံးသူများလက်သို့ လူသုံးကုန်နှင့် စားသုံးကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီရောက်ရှိပြီး ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ရေးအတွက် ရေယာဉ်များဖြင့် ကုန်စည်အမြန်ပို့ဆောင်နိုင်ရေးကို အထူးတာဝန်တစ်ရပ်အနေနှင့် ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှုပြုခဲ့ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အကြီးအကဲက ရှေ့ရေးကိုမြော်မြင်တွက်ဆပြီး လမ်းညွှန်ချက်များချမှတ်ပေးလျက်ရှိရာ ယခုဆောင်ရွက်ရမည့် ကုန်စည်များကို အမြန်ပို့ဆောင်ရေးသည်လည်း စားသုံးသူပြည်သူများ တိုက်ရိုက်အကျိုးခံစားခွင့် ရရှိမည်ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ စေတနာကို ခံစားနားလည်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်တင်ရေယာဉ်(အမြန်)လမ်းပြေးဆွဲမှုကို မဖြစ်မနေအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရန် အထူးတိုက်တွန်းလိုကြောင်း။

ယခုအခါ နိုင်ငံတော်၏ ဒေသအသီးသီးတွင် မြစ်ကူးတံတားကြီးများ တည်ဆောက်ပြီးစီးခြင်းနှင့် မီးရထားလမ်း၊ မော်တော်ကားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာသည့်အတွက် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် အကန့်အသတ်အချို့ကြုံတွေ့မှုကိုတွေ့နိုင်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် လက်ရှိပြေးဆွဲနေသည့် ခရီးသည်–ကုန် ရေယာဉ်လမ်းများအပြင် ကုန်တင်ယာဉ်(အမြန်)လမ်းများ ပြေးဆွဲရန်လိုအပ်လာပြီဖြစ်ကြောင်း။

တစ်နည်းအားဖြင့် ယနေ့အခြေအနေတွင် ခရီးသည်–ကုန် ရေယာဉ်လမ်း (Passenger-Cum-Cargo Service) အပြင် သယ်ယူပို့ဆောင်မှု ပုံသဏ္ဌာန်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ မြစ်ဝကျွန်းပေါ်သို့ စတင်ထွက်ခွာသည့် "ဝိဓူရ"ကုန်တင် (အမြန်) ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြောင်းလဲခြင်း(Changing the mode of Transportation) အနေနှင့် ကုန်တင်ရေယာဉ်(အမြန်)လမ်း (Special Cargo Service)ပြေးဆွဲမှုကို သင့်လျော်သည့် ရေယာဉ်များအသုံးပြု၍ အချိန်တိုအတွင်း ကုန်ပစ္စည်းများများကို လုံခြုံစိတ်ချစွာ သယ်ယူပို့ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေများတိုးတက်ရရှိလာအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနှင့် စက်ရှိ/စက်မဲ့ ဆိပ်ခံတွဲ စုစုပေါင်း ၄၈၂ စင်းကို အသုံးပြုပြီး ခရီးလမ်းမိုင်ပေါင်း ၇၄၉၃ မိုင်တွင် ခရီးလမ်းပေါင်း ၆၂ လမ်းပြေးဆွဲပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ခရီးသည် ၂၅ ဒသမ ၃၄ သန်း၊ ခရီးသည်မိုင် ၅၈၈ ဒသမ ၈၃ သန်း၊ ကုန်တန်ချိန် ၄ ဒသမ ၂၆ သန်း၊ ကုန်တင်မိုင် ၄၅၅ ဒသမ ၀၇ သန်း၊ ဝင်ငွေ စုစုပေါင်း ၃၉၄၈ ဒသမ ၀၅ သန်းနှင့် နိုင်ငံခြားငွေ သုည ဒသမ ၆၅ သန်းအထိ လုပ်ငန်းစွမ်းဆောင်နိုင်ခဲ့ကြောင်း။

မြစ်ဝကျွန်းပေါ်ဌာနခွဲသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်အင်အားမှာ ၁၀၉ စင်း (၂၂ ဒသမ ၁၆ ရာခိုင်နှုန်း)နှင့် ဒုတိယအများဆုံးဖြစ်ပြီး ခရီးလမ်း မိုင်ပေါင်းမှာ မိုင် ၂၄၁၀ (၃၂ ဒသမ ၁၆) ရာခိုင်နှုန်းနှင့် အများဆုံးဖြစ်ကြောင်း၊ ပြေးဆွဲသည့် ခရီးလမ်းမှာ ၂၂ လမ်း (၃၅ ဒသမ ၄၈) ရာခိုင်နှုန်းနှင့် အများဆုံးဖြစ်ပြီး စုစုပေါင်းဝင်ငွေမှာ သန်း ၁၄၈၇ ဒသမ ၃၀ (၃၇ ဒသမ ၆၇) ရာခိုင်နှုန်းနှင့် အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်း၏ အဓိက ရေကြောင်းသွားလာမှုကို လွှမ်းခြုံထားသည့် မြစ်ဝကျွန်းပေါ် ဌာနခွဲတွင် ကုန်တင်ရေယာဉ်(အမြန်)လမ်း စတင်ပြေးဆွဲခြင်းသည် အခြေအနေနှင့် အချိန်အခါအရ အထူးသင့်လျော်ကြောင်း။

ရေယာဉ်အမျိုးအစား

ယခုပြေးဆွဲမည့် ကုန်တင်ရေယာဉ်အမြန်လမ်းများမှာ "ဒဗလျူ"အမျိုးအစား ရေယာဉ်များကို အသုံးပြုပြီး ရန်ကုန်–ဘိုကလေးနှင့် ရန်ကုန်–လပွတ္တာ လမ်းများဖြစ်၍ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းကို တိုက်ရိုက်ဆက်သွယ်ထားသည့်အတွက် ဧရာဝတီတိုင်း၏ အဓိကထွက်ကုန်ဖြစ်သည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို မြန်မာပြည်အရပ်ရပ်သို့လည်းကောင်း၊ အပြန်အလှန်အားဖြင့် မြန်မာပြည်အရပ်ရပ်မှ ကုန်ပစ္စည်းမျိုးစုံကို ဧရာဝတီတိုင်းသို့လည်းကောင်း အဆင်ပြေချောမွေ့စွာ ပို့ဆောင်နိုင်မည်ဖြစ်၍ ကုန်တင်ခနှုန်းထားသက်သာသည့်အတွက် စားသုံးသူပြည်သူများကို များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကုန်တင်ရေယာဉ်(အမြန်)လမ်းဖြစ်၍ တာဝန်ရှိဝန်ထမ်းများအနေနှင့် ကုန်တင်ဆောင်သည့် ကုန်သည်များနှင့် ဆက်ဆံရေးကောင်းမွန်ရန်၊ တင်ဆောင်သည့် ကုန်ပစ္စည်းများ လျော့နည်း၊ ပျောက်ဆုံး၊ ပျက်စီးမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုန်များကို စနစ်တကျလက်ခံတင်ဆောင်ခြင်း၊ ရေယာဉ်ကြံ့ခိုင်ရေးနှင့် ရေယာဉ်ခုတ်မောင်းသွားလာရေးဆိုင်ရာ ညွှန်ကြားချက်များကို တိကျစွာလိုက်နာပြီး အန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ဆောင်ရွက်ကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ကုန်တင်သူများ၏ ယုံကြည်အားထားမှုကို တည်ဆောက်နိုင်ပြီး ရေရှည်တွင် ကုန်အမြဲတမ်းရရှိရေးနှင့် ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်မည်ဖြစ်ကြောင်း။

ထို့အပြင် တာဝန်ရှိဝန်ထမ်းများအနေနှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် မရှိမဖြစ် လိုအပ်လာသည့် ကုန်တင်ရေယာဉ်(အမြန်) လမ်း၏ ထူးခြားသော အနှစ်သာရကို နားလည်သဘောပေါက်ပြီး လက်ရှိဆောင်ရွက်နေသည့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာ လုပ်နည်းစနစ်များအပြင် လိုအပ်ပါက လက်တွေ့ဘဝနှင့် ပိုမိုလိုက်လျောညီထွေ၊ ပိုမိုပြီး လုပ်ငန်းအဆင်ပြေချောမွေ့သည့် နည်းလမ်းသစ်များကြံဆပြီး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် ယခုစတင်မည့် ကုန်တင်ရေယာဉ် (အမြန်)လမ်းများ ပြေးဆွဲမှု အောင်မြင်ရေးအတွက် ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် အခြားဌာနခွဲများတွင်ပါ ယခုကဲ့သို့ ကုန်တင်ရေယာဉ် (အမြန်)လမ်းများ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် ကုန်တင်ရေယာဉ်(အမြန်)လမ်း တိုးချဲ့ပြေးဆွဲမည့်ရေယာဉ်ရှိသည့် လမ်းသစ်ဆိပ်ခံတံတား၌သွားရောက်ကြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ကုန်တင်ရေယာဉ်(အမြန်)လမ်း တိုးချဲ့ပြေးဆွဲခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများသည် စတင်ထွက်ခွာမည့် "ဝိဓူရ"ကုန်တင်(အမြန်)ရေယာဉ်ပေါ်သို့ လိုက်ပါစီးနင်းသွားကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါမြစ်ဝကျွန်းပေါ်ဌာနခွဲမှ တိုးချဲ့ပြေးဆွဲသည့် ရန်ကုန်–လပွတ္တာ (အပြင်)ကုန်တင်ရေယာဉ် (အမြန်)လမ်းနှင့် ရန်ကုန်–ဘိုကလေးကုန်တင်ရေယာဉ် (အမြန်)လမ်းများကို ဒေသများ၏ လိုအပ်ချက်အရ တိုးချဲ့ပြေးဆွဲခြင်းဖြစ်ရာ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ချောမွေ့မည်ဖြစ်သည်။ ယခင်က ရန်ကုန်–မြစ်ဝကျွန်းပေါ်ဒေသသို့တင်ပို့နေသည့် ကုန်ပစ္စည်းတန်ချိန်အရေအတွက်ထက် ယခုအခါ ကုန်ပစ္စည်းများကို တန်ချိန်များစွာပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး ရထားလမ်း၊ ကားလမ်းများထက် ရေကြောင်းလမ်းမှ တင်ပို့ပါက ဈေးနှုန်းသက်သာပြီး ကုန်ပစ္စည်းအများဆုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပို့ဆောင်နိုင်သည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် အင်းစိန်ရဲစခန်းမှ တပ်ဖွဲ့ဝင်သား၊ သမီးများအား ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်က မြို့နယ်ရဲတပ်ဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းသို့ ပညာသင်စရိတ်ကျပ် ၁၁၈၇၅၀ ပေးအပ်စဉ်။ (၆၁)

ရှင်းလင်းဟောပြော

ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၂ရက်က အထက(၂) သာကေတတွင် ကျင်းပရာ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ အမှတ်(၄)နယ်မြေမှ ဒုတိယရဲအုပ်သန်းဆွေ ရှင်းလင်းဟောပြောစဉ်။

(ပညာရေး)

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ ဩဝါဒခံယူပွဲနှင့် အလှူတော်ငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၈ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မဟာသိမ်တော်ကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ပညာသင် မြန်မာရဟန်းတော်များနှင့် တက်ရောက်လာကြသော ပရိသတ်တို့က ဩဝါဒခံယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းတော်ဆောက်လုပ်ရေးနှင့် စပ်လျဉ်းသည့် သာသနာရေးရာ ကိစ္စရပ်များကို လျှောက်ထားပြီး တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ ဖွဲ့စည်းထားခြင်းနှင့် အဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ဒေါက်တာအရှင်သောပါက (မဂဓတက္ကသိုလ်)က ရှင်းလင်းလျှောက်ထားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းဖြစ်မြောက်ရေးအတွက် အလှူရှင်များဖြစ်ကြသော ဦးမျိုးဆွေ–ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)က ငွေကျပ်သိန်း ၃၀၀၊ ဒေါ်မြမြအုန်းမိသားစု (စမ်းချောင်းမြို့နယ် ဓမ္မစေတီလမ်း ယုဇနကွန်ဒိုအိမ်ရာ)က ငွေကျပ်သိန်း ၅၀၊ ဦးမျိုးသန့်–ဒေါ်ကေသက်မော် မိသားစု (လမ်းမတော်မြို့နယ်)နှင့် ဓမ္မမိတ်ဆွေများ၊ ဦးမြင့်သိန်း–ဒေါ်ကြော့ကြော့ဝင်းမိသားစုနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ် ၂၅သိန်းစီ၊ ဦးလှမောင်(ခ)ဦးမောင်ကျော်အေး–ဒေါ်ယက်သဲဖြူ မိသားစု (စစ်တွေမြို့ မောလိပ်ရပ်ကွက် ဈေးကြီးလမ်း) က အမေရိကန်ဒေါ်လာ ၁၅၀၀၊ ဦးတင်အောင်ဝင်း–ဒေါ်ကြည်ကြည်မြင့် မိသားစု(ဗဟန်းမြို့နယ် ဝင်္ကပါ လမ်း) က ငွေကျပ် ၆၂သိန်း၊ ဆရာမ ဒေါ်မြင့်မြင့်အေး မိသားစု(ကမာရွတ်မြို့နယ် ပြည်လမ်း)၊ ဦးသိန်းဝင်း–ဒေါ်မီမီလွင် မိသားစု (အလုံမြို့နယ် ၄ဝါလမ်း)၊ ဒေါ်ရီရီဆွေ သမီး ရီလေးသော်မိသားစု (ကြည့်မြင်တိုင်မြို့နယ် အောက်ကြည့်မြင်တိုင် လမ်းမကြီး)တို့က ငွေကျပ် ၁၀သိန်းစီ အပါအဝင် အလှူရှင်များက ငွေကျပ် ၅၇၁၂၀၇၀၀နှင့် အမေရိကန်ဒေါ်လာ ၂၉၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။ (သတင်းစဉ်)

ပခုက္ကူမြို့နယ် သစ်အခြေခံစက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် တင်ဝင်းထွန်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်၊ လွှသွေးခန်းနှင့် ထွက်ရှိသည့် သစ်အချောထည်များကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်ပြီး စက်ရုံရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌ ဦးတင်ဝင်းက စက်ရုံတည်ဆောက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အမှာစကားပြောကြားသည်။

ပခုက္ကူ သစ်အခြေခံစက်ရုံသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသမှပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် တန်ဖိုးမြင့်သစ်အချောထည်များကို ပြည်ပပို့၍ ပြည်ပဝင်ငွေ တိုးတက်ရရှိရေးတို့အတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပခုက္ကူမြို့နယ် တင်ဝင်းထွန်း ထုတ်လုပ်မှုကုမ္ပဏီလီမိတက် သစ်အခြေခံစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်။ (သစ်တောရေးရာ)

ရန်ကုန်/မန္တလေး "မြရော" ဈေးသဘော်ကြီး မန္တလေးမြို့မှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာ

ရန်ကုန် ဇွန် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရန်ကုန်/မန္တလေး "မြရော"ဈေးသဘော်ကြီးနှင့် ဈေးတွဲနှစ်တွဲတို့သည် စဉ့်ပစ္စည်း၊ ထုံး၊ ဘိလပ်မြေ၊ ပဲဖတ်၊ ကျောက်ပစ္စည်း၊ ပရိဘောဂ၊ ဌာနဆိုင်ရာနှင့် အထွေထွေကုန်ပစ္စည်းများ စုစုပေါင်း ၁၀၈၅ တန် တင်ဆောင်ပြီး ယနေ့ နံနက် ၆ နာရီတွင် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ စတင်ထွက်ခွာသည်။

ရန်ကုန်/မန္တလေး ဈေးသဘော်ကြီးကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ ပြေးဆွဲရခြင်းဖြစ်ပြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာဒေသများမှ ပြည်သူများ၊ အထက်မြန်မာပြည်ထွက်ကုန်များနှင့် အောက်မြန်မာပြည် ထွက်ကုန်များကို မိမိတို့ဒေသ၌ပင် ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်အတွက် ရည်ရွယ်ပြေးဆွဲရခြင်းဖြစ်သည်။

အဆိုပါ "မြရော" ဈေးသဘော်ကြီးနှင့် ဈေးတွဲနှစ်တွဲတို့သည် မန္တလေးမြို့မှ စစ်ကိုင်း၊ မြင်းမူ၊ ဆီမီးခုံ၊ ပခုက္ကူ၊ ညောင်ဦး၊ ချောက်၊ ဆင်ဖြူကျွန်း၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ မင်းလှ၊ မိချောင်းရဲ၊ အောင်လံ၊ သရက်၊ ကမ္မ၊ ပြည်၊ ကျီးသဲ၊ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတ၊ ဇလွန်၊ ဓနုဖြူ၊ မအူပင်၊ ရန်ကုန်စသော မြို့များသို့ ဝင်ရောက်ဆိုက်ကပ် ညအိပ်ရပ်နားပြီး ဈေးများရောင်းချပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆–၂၀၀၇ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆–၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက သဃ်္ဃန်းကျွန်းမြို့နယ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က အဖွင့်အမှာစကားပြောကြားပြီး အရှေ့ပိုင်းခရိုင် စီမံကိန်းဦးစီးရုံး ခရိုင်တာဝန်ခံ ဦးကျော်သန်းက ၂၀၀၆–၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသိန်းထွန်းက လယ်ယာကဏ္ဍ စိုက်ပျိုးရေးလျာထားမှု အခြေအနေများကို လည်းကောင်း၊ ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမင်းထိုက်က ခရိုင်အတွင်း မှုခင်းများဖြစ်ပွားမှု လျော့နည်းကျဆင်းရေး လုပ်ငန်း အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် စက်မှုဇုန်ဥက္ကဋ္ဌများအား ၂၀၀၆–၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန်များကို ပေးအပ်လိုက်သည်။ **(အပေါ်ဝဲပုံ)** (၅၀၆)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၃

မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ ညောင်ကန်အေးဗုဒ္ဓသာသနာပြုကျောင်း ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၈ရက် (ဝါဆိုလဆန်း ၁၄ရက်)(စနေနေ့)တွင် ကျင်းပမည်ဖြစ်သည်။ သင်္ကန်းဒွိစုံတစ်စုံ ကျပ်၃၀၀၀ သို့မဟုတ် မိမိနှစ်သက်ရာသင်္ကန်းကို ဝယ်ယူ၍ဖြစ်စေ၊ သံဃာ ဆွမ်းစရိတ် တစ်ပါး ကျပ် ၅၀၀၊ ယောဂီဥပုသ်သည် ဆွမ်းစရိတ် တစ်ဦး ကျပ် ၂၀၀၊ ထီးတစ်လက် ကျပ်၁၅၀၀၊ ဖိနပ်တစ်ရံ ကျပ် ၁၀၀၀၊ ဆေးဝါးပစ္စည်းလေးပါးတို့ကိုတတ်စွမ်းသမျှ လှူဒါန်းနိုင်ကြကြောင်းသိရသည်။ (က–ပ)

ဖြည့်စွက်ဖတ်ရှုပါရန်

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ခုနှစ် ဇွန် ၁၃ ရက်ထုတ် သတင်းစာများ၌ ဖော်ပြပါရှိသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြု ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသတင်းတွင် ဂုဏ်ပြုလှူဒါန်းငွေရရှိမှု စုစုပေါင်းမှာ ငွေသားကျပ် ၇၈၁၃၀၀၀ ဖြစ်ကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၆–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	အာရုတံခွန်စိုက် ဘိလိယက်ချန်ပီယံမြန်မာ
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀	ချိုဆိမ့်မွှေးမွှေး သကြားလုံးလေး
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊စုမြတ်မွန်)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဆီးချို၊သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း–၁)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သိစေချင်သည် ICT (MCC)
၉း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	Myanmar Video Rhythm
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	သွင်းကုန်အစားထိုး စံချိန်မီမော်တာပန်ကာကြိုး
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	နည်းစနစ်မှန် ကော်ဖီစိုက်ပျိုးရန်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

✪ ရှေ့ဖုံးမှ

သရက်မြို့နယ်အတွင်း ယခုနှစ်တွင် ကြက်ဆူပင် ၃၀၀၃ဧက စိုက်ပျိုးရန် လျာထားပြီး တပ်ရင်း/တပ်ဖွဲ့များက ၁၀၂ဧက၊ စက်ရုံအလုပ်ရုံများက ဧက ၂၀၀၊ ဌာနဆိုင်ရာများက ဧက ၄၀၀ စုစုပေါင်း ၇၀၂ဧက စိုက်ပျိုးပြီးဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးအောင်သိန်းမြင့်က ကုန်ကြမ်းထုတ်လုပ်မှု၊ မီးထိုးဆီ၊ ဒီဇယ်ဆီနှင့် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်ရုံ၏ ကုန်ချောထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စက်ရုံများအတွင်း စက်လည်ပတ်မှုအခြေအနေများနှင့် စက်ရုံမှထုတ်လုပ်သော စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဘိလပ်မြေထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ စက်စွမ်းအားပြည့် ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့် နည်းပါးရေးနှင့် ခြိုးခြံချွေတာရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ခွဲစိတ်ဆောင်သစ် နှစ်ထပ်ဆောက်လုပ်မည့် မြေနေရာကို ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြား၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် သရက်မြို့နယ်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆင်ပေါင်ဝဲ၊ ကံမ၊ အောင်လံနှင့် မင်းလှမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်ရေးနှင့် မိုးစပါးစိုက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် သရက်မြို့ နယ်မြေခံတပ်ရင်းရှိ မဟာဗန္ဓုလခန်းမဆောင်၌ သရက်နှင့် အောင်လံမြို့နယ်တို့ရှိ နယ်မြေခံတပ်ရင်းများမှ အရာရှိ/စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးတို့ကို ရှင်းလင်းမှာကြား၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာ၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြံစည်းရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာအုပ်စု မိုင်တိုင်အမှတ်(၂၈/၃)၌ ကျင်းပသည့် ကံမမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြကာ ပါဝင်စိုက်ပျိုးပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၂၈/၃) ကံမမြို့နယ် ပုသိမ်-မုံရွာကားလမ်းမကြီး၏ အနောက်ဘက်သုံးမိုင်ခွဲခန့်အကွာ ကြို့ပင်ကျေးရွာ အနီးရှိ မဒေးချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်တွင် ပြည်မြို့ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး ဦးတင်မောင်အုန်းနှင့် တာဝန်ရှိသူများက မဒေးချောင်း ရေလှောင်တမံ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြား၍ ပင်မတမံ၊ ကုန်းကြောတမံနှင့် ရေထုတ်ပြွန်၊ ရေပိုလွှဲ တည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မဒေးချောင်းရေလှောင်တမံသည် မြေသားတာတမံ၊ ကွန်ကရစ်ရေထုတ်ပြွန် အမျိုးအစားဖြစ်ကြောင်း သိရသည်။ ပင်မတမံမှာ အလျားပေ ၁၉၂၀၊ ကုန်းကြောတမံမှာအလျားပေ ၁၂၀၀၊ အမြင့် ၁၅၅ ပေ၊ ရေလှောင်ပမာဏမှာ ဧက ပေ ၅၄၀၀၀ဖြစ်ပြီး လယ်မြေဧက ၄၀၀၀ကို ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် မိုင်တိုင်အမှတ် (၄၅/၆)ရှိ မြန်မာဂိုးလ်ဒင်းစတား ကုမ္ပဏီလီမိတက်၏ မြေယာဖော်ထုတ်ရေးလုပ်ငန်းသို့ရောက်ရှိကြရာ မန်နေဂျာ ဦးခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကုမ္ပဏီ၏မြေရယူထားမှုနှင့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မင်းတုန်းမြို့နယ် တံတားကျေးရွာအနီး မိုင်တိုင်အမှတ် (၂/၂) မင်းတုန်းမြို့နယ်ရှိ တံတားဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

တိုင်းရင်းသားပြည်သူများ၏ဘဝကိုသိရှိပြီး မှန်ကန်သောဦးဆောင်မှုပေး ဒေသဖွံ့ဖြိုးရေးအတွက်ခံယူချက်၊ ယုံကြည်ချက်အပြည့်အဝဖြင့်လုပ်ဆောင်

ရန်ကုန် ဇွန် ၁၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့တွင် အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင်ဒီပလိုမာရရှိကြသည့် ကျောင်းသားများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

တွေ့ဆုံပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာဝန်ကြီးက အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသများတွင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အဆင့်မြင့်ပညာတတ်ကျွမ်းသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရေးဆိုသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ပေးသည့် အစီအစဉ်ဖြစ်ကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အခါတွင် နယ်စပ်ဒေသများသည် ထူးထူးခြားခြား ဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများ ရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသား လူမျိုးအချင်းချင်း ဥမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများနှင့် ချစ်ကြည်စွာနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်မှုများရှိခဲ့ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဖြစ်ကြောင်း၊ ပြည်ထောင်စု စိတ်ဓာတ်သည် ဒို့တာဝန် အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ လုပ်ငန်းခွင်ကို ဝင်ရောက်သည့်အခါ စာတွေ့ကို လက်တွေ့အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မှန်ကန်သောအတွေးအမြင်၊ အသိ၊ ခံယူချက်များပြည့်ဝသည့် လူတော် လူကောင်းများဖြစ်စေရန် သင်ရိုးဆိုင်ရာ ဘာသာရပ်အပြင် ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို အထူးအလေးထား သင်ကြား လေ့ကျင့်ပေးခဲ့ကြောင်း။

၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)နှင့် (မန္တလေး)မှ တိုင်းရင်းသားလူငယ် ၅၇၄ဦးတို့အား ဘွဲ့၊ ဒီပလိုမာရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီး၌ ခန့်အပ် တာဝန်ပေးပြီးဖြစ်ကြောင်း၊ ဘွဲ့၊ ဒီပလိုမာရရှိသူများအနက် ထူးချွန်ထက်မြက်သူများအား မဟာသိပ္ပံ/မဟာဝိဇ္ဇာ အရည်အချင်းစစ် သင်တန်း၊ မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ B.Techသင်တန်း၊

အဆိုပါတံတားဆည်သည် ကျေးလက်ကိုယ့်အားကိုယ်ကိုးဆည်ဖြစ်ပြီး ၁၉၈၂-၈၃ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ အလျားပေ ၄၅၀၊ တမံအမြင့် ၂၅ပေ၊ တမံထိပ်ဝအကျယ် ၁၂ပေ၊ ရေလှောင်ပမာဏ ဧကပေ ၄၀၀ ရှိခဲ့ရာမှ ၁၉၉၈-၉၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ပြန်လည်ပြုပြင်ခဲ့ရာ တမံအလျား ၅၃၀ပေ၊ တမံအမြင့် ၃၃ ဒသမ ၅ပေ၊ တမံထိပ်ဝ အကျယ် ၁၅ ပေ၊ရေလှောင်ပမာဏ ဧကပေ ၁၃၂၀ သို့ အဆင့်မြှင့်တင်ခဲ့ပြီး အကျိုးပြုဧကမှာ မိုးစပါး ၂၅၄ဧက၊ နွေစပါး ဧက ၁၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက စုပေါင်းစိုက်ပျိုးထားသည့် ခြံစည်းရိုးကြက်ဆူပင် ၈၀၀၀၀ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မင်းတုန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံရာ ရှေးဦးစွာ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက မြို့နယ်အတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင်ဆောင်ရွက်ရန်၊ နွေစပါး၊ မိုးစပါး စိုက်ဧကများ တိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးရန်မှာကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြ၍ဆေးရုံဝင်းနှင့် ဆေးသိုလှောင်ခန်း၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မင်းတုန်းမြို့နယ် ဝင်းသူဇာအရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ငဖဲမြို့နယ်၊ ပဒါန်းလမ်းဆုံသို့ ရောက်ရှိကြ၍ မကွေးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့်တာဝန်ရှိသူများက ပုသိမ်-မုံရွာလမ်း ပြုပြင်မှုနှင့် မင်းဘူး-ပဒါန်း-အမ်း-စစ်တွေလမ်း(မကွေးတိုင်းအပိုင်း)နှင့် မကွေးတိုင်းအတွင်းလမ်းများအခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မကွေးမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ဝိဇ္ဇာဘာသာရပ် ထူးချွန်ဆုရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့မှ ခနုတိုင်းရင်းသား မောင်ညီညီအောင်အား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် သိပ္ပံဘာသာရပ်ထူးချွန်ဆုရ ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမှ ရခိုင်တိုင်းရင်းသား မောင်မျိုးငြိမ်းထွန်းအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရ ကယားပြည်နယ် ဖရူဆိုမြို့မှ မနော တိုင်းရင်းသား မောင်ဌေးလှိုင်အား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဇွန် ၁၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေးအလုပ်ကျသဘာပတိအဖွဲ့ဝင် ဦးထွန်းရင်လောက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမြစိန်၊ ဦးကျော်မျိုးဝင်း၊ ဦးလှမြင့်၊ ဦးလှတင်တို့ တက်ရောက်ကြကာ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များဆိုင်ရာ အခန်းနှင့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့် အခါ တင်ပြနိုင်ရန် စာတမ်းများ ရေးသားပြုစုခြင်းကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံစုံညီအစည်းအဝေး အလုပ်ကျသဘာပတိအဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၃

သဃ်န်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက်ရှိ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်သံဃာတော်များအား (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဒါယကာ၊ဒါယိကာမများကိုယ်တိုင် ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၃)

B.E သင်တန်း၊ M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးလျက်ရှိကြောင်း၊ ယခုနှစ် သင်တန်းဆင်းကြသည့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် မန္တလေးဒီဂရီကောလိပ်မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရ ၅၀ နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိသူ၄၀ဦး စုစုပေါင်း သင်တန်းဆင်းကျောင်းသား ၉၀ တို့အား ထပ်မံမွေးထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

တိုက်တွန်းပြောကြား

အများကောင်းကျိုးအတွက် အနစ်နာခံ ဆောင်ရွက်ရန်လိုပြီး ကိုယ်တိုင်ကြိုးစား၊ ကိုယ်တိုင်အရည်အချင်းရှိအောင်ဖြည့်ဆည်းရင်း တိုင်းရင်းသားပြည်သူများ၏ဘဝကိုသိရှိပြီး မှန်ကန်သော ဦးဆောင်မှုပေးနိုင်မှသာ ခေါင်းဆောင်ကောင်း ဖြစ်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ခံယူချက်၊ ယုံကြည်ချက် အပြည့်အဝဖြင့် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ ထူးချွန်သော သားကောင်းရတနာများဖြစ်အောင် အစဉ်အလေးထား ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ၂၀၀၅-၂၀၀၆ ခု ပညာသင်နှစ်တွင် ဝိဇ္ဇာဘာသာရပ်၌ ထူးချွန်ဆုရ ရှမ်းပြည်နယ် ကျောက်မဲမြို့မှ ခနေတိုင်းရင်းသား မောင်ညီညီအောင်၊ သိပ္ပံဘာသာရပ်၌ ထူးချွန်ဆုရ ရခိုင်ပြည်နယ်ပုဏ္ဏားကျွန်းမှ ရခိုင်တိုင်းရင်းသား မောင်မျိုးငြိမ်းထွန်းနှင့် အင်ဂျင်နီယာဘာသာရပ်၌ ထူးချွန်ဆုရ ကယားပြည်နယ် ဖရူဆိုမြို့မှ မနော တိုင်းရင်းသား မောင်ဒွေးလှိုင်တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ရွှေမင်းကံဆရာတော် ဝိဇာတမင်္ဂလာတရားပွဲ

ရန်ကုန် ဇွန် ၁၃

ရွှေမင်းကံဆရာတော် သက်တော်(၅၀)ပြည့် မွေးနေ့အကြို ငါးရက်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယ အတိုင်း ဆရာတော် ဦးကေသရ (မိုးကုတ် နယ်လှည့်ဓမ္မကထိက) (ပခန်းငယ်)က ဇွန် ၁၂ ရက်မွန်းလွဲ ၁၂ နာရီခွဲမှ ဇွန် ၁၆ ရက်ညနေ ၄နာရီခွဲအထိ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် ဩဇာလမ်း (၄)ရပ်ကွက်ရှိ ရွှေမင်းကံကျောင်းမိုးကုတ်ဓမ္မရိပ်သာတွင် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်သည်။

အထူးတရားပွဲကို ဇွန် ၁၈ ရက် ညနေ ၅ နာရီတွင် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝိနည်း ဓိုရ်(၃၄)၏ သဘာပတိဘဒ္ဒန္တပညာဇောတ(ဆင်ဖြူကျွန်း) ဆရာတော်ကြီး၊ ဇွန် ၁၉ ရက်ညနေ ၅နာရီတွင် ဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ ပိဋကတစ်ပုံအောင် ဘဒ္ဒန္တသောဘဏ၊ (ရွှေမြင့်မိုရ်) ဆရာတော်နှင့် ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲတွင် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်ကြီး၏ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ ဆရာတော်တို့က အနုမောဒနာတရားချီးမြှင့်တော်မူမည်ဖြစ်သည်။ (က-ပ)

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)မှ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဝန်ကြီးသည် ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့နှင့်အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ အတီးပြိုင်ပွဲ
- ၈:၀၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၀ ၈။ အရေးပြိုင်ပွဲ
- ၈:၂၀ ၉။ သံလွင်တံတား(တာပါး)
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let’s Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တေးဂီတအစီအစဉ်
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
- ၅:၃၀ ၇။ **“သူငယ်ချင်းမရှိတဲ့ဥပဒေ” (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ဇေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
- ၅:၄၀ ၈။ သီချင်းကြီးသရုပ်ဖော်
- ၅:၅၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဥဒေါင်းရှင်
- ၇:၀၅ ၁၃။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၁၅ ၁၄။ **“စက်မှုဖွံ့ဖြိုးတို့တိုင်းပြည်အကျိုး” (ဖြိုးငွေစိုး၊မိုးဒီ၊စောနိုင်-ရှမ်းပြည်၊သဇင်၊နှင်းဆီ၊ခင်မို့မို့အေး) (ဒါရိုက်တာ တင်အောင်ရွှေ-သုတေသီ)**
- ၇:၃၅ ၁၅။ ဖွံ့ဖြိုးမှုအလင်းရောင်ဝေဖြာ မန္တလေးတိုင်း ရွာသစ်ကျေးရွာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ “ကြိုးတပ်တူရိယာတို့၏ တေးအဖွဲ့အနွဲ့များ” (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

☆ **ရှေ့ဖုံးမှ**

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နမ့်ဆန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က ဒေသဆိုင်ရာအချက်အလက်များ၊ မြေအမျိုးအစားနှင့် အသုံးချမှု၊ ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာသန်းဌေးသို့လည်းကောင်း၊ နမ့်ဆန်မြို့နယ် ပညာရေးဝန်ထမ်းများအတွက် တူညီဝတ်စုံများကို မြို့နယ်ပညာရေးမှူး ဦးကျော်ဝင်းဆွေသို့လည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ရုပ်မြင်သံကြား ပြစက်တစ်လုံးကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းဆိုင်လီခမ်းသို့လည်းကောင်း၊ ဒေသခံတိုင်းရင်းသားအဖွဲ့အတွက် ဆေးဝါးပစ္စည်းများကို ယင်းအဖွဲ့မှ ဦးထွန်းမြတ်လေးသို့လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့သည် သဘာဝရှုမျှော်ခင်းသာယာလှပပြီး ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်မှုရှိသော တောင်စခန်းမြို့တစ်မြို့ဖြစ်ရာ ဒေသနှင့်လျော်ညီသည့် သပ်ရပ်သောတည်းခိုစရာများ ဖန်တီးထားရှိပါက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေရရှိနိုင်ကြောင်း။

ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် လက်ဖက်စိုက်ပျိုးခြင်းမှရရှိသည့် အချိုခြောက်၊ လက်ဖက်စို၊ အခါးခြောက် စသည့်ဒေသထွက်ကုန်များကို အမျိုးအစား၊ အရည်အသွေး ပိုမိုကောင်းသည်ထက်ကောင်းအောင် ထုတ်လုပ်ပြီး ပြည်ပပို့ကုန်အဖြစ် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများက နည်းလမ်းများ ပြသပေးကြရမည်ဖြစ်ကြောင်း၊ လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းအထိ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် အထူးသဖြင့် လက်ဖက်ပင်များ ကွန်တိုလိုင်းစနစ်ဖြင့် ခေတ်မီစွာ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရေးရှင်းလင်းအသိပညာပေးကြရမည်ဖြစ်ကြောင်း။

ဒေသဝမ်းစာဖူလုံရေးအတွက် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသား တောင်သူများအား စည်းရုံးပညာပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လက်တွဲညီညီကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ထာဝရ အေးချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် ဘက်စုံ၊ ကဏ္ဍစုံက လက်တွဲညီညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်တို့ဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ကျကျ သိမြင်ခံစားကြရပြီဖြစ်ကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံတော်၏ စီမံကိန်းများ ပြည့်မြောက်အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဒေသခံလူငယ်များ ပညာရည်မြင့်မားရေးနှင့် ကွန်ပျူတာပညာ၊ အင်တာနက်ပညာရပ်များ ထိတွေ့ဆက်စပ်လေ့လာ ဆည်းပူးနိုင်ရေးအတွက် မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူ ကျေးလက်မီးလင်းရေးအတွက် ရေအားလျှပ်စစ်စက် အသေးစားများကို ကျေးရွာအစီအစဉ်ဖြင့် တပ်ဆင်ခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပံ့ပိုးကူညီအားပေးသွားရန် လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူလက်တွဲပြီး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းထုတ်ကာ စေတနာထားပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ တပ်မတော် လက်ဖက်ခြောက်စက်ရုံ(နမ့်ဆန်)သို့ရောက်ရှိကြရာ စက်ရုံရှိ မဏ္ဍပ်စည်သူခန်းမ၌ စက်ရုံတာဝန်ခံ ဗိုလ်ကြီးသန်းထွန်းက စက်ရုံ၏ သမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်လက်ဖက်ခြောက် စက်ရုံ(နမ့်ဆန်)အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်များကိုအမြဲတမ်းလည်ပတ်နိုင်အောင် ကြံ့ခိုင်ရေးလုပ်၍ မွမ်းမံထိန်းသိမ်းအသုံးပြုရေး၊ လျာထားချက်ထက် ပိုမိုရရှိအောင်ထုတ်လုပ်ရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ထားရှိရေး တို့ကိုမှာကြားသည်။

လက်ဖက်စိုထုတ်လုပ်မှုပြသ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ နေမျိုးနဂါးနွယ်မိသားစု လက်ဖက်စိုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ လုပ်ငန်းရှင် ဦးလှမြင့်က လက်ဖက်စိုထုတ်မှု အဆင့်ဆင့် ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိမိတို့၏ ရိုးရာလုပ်ငန်းကို ပြည်တွင်း၌သာမက ပြည်ပကပါ စိတ်ဝင်စားလာပြီး အကျိုးအမြတ်ရနိုင်မည့် ဈေးကွက်ရအောင် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသန်းဌေးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြပြီး ဆေးရုံရှိ လူနာဆောင်များ၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ရုံတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့က ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား အာဟာရစားသောက်ဖွယ်များကို ထောက်ပံ့ပေးအပ်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆေးဝါးများကို စနစ်တကျစာရင်းဇယားဖြင့် ထိန်းသိမ်းအသုံးပြုသွားရေး၊ လူနာများအား မိသားစုသဖွယ် ပြုစုစောင့်ရှောက်ကုသသွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်-လေလု-ပန်လုံ လမ်းတစ်လျှောက်၏ လမ်းပိုင်းအခြေအနေ၊ ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေတို့ကို ကြည့်ရှုကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် နမ့်ဆန်-လေလု-ပန်လုံလမ်းရှိ အရှည်ပေ ၃၁၀ ရှိ လေလုဘေလီတံတားသို့ ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းနှင့် ကျောက်မဲခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်အေးတို့က လေလုဘေလီတံတားကို လက်ရှိခံနိုင်ဝန် ၁၃ တန်မှ တန် ၃၀ အထိ ခံနိုင်ဝန်ရှိသော ဘေလီနှစ်ထပ်တံတားအဖြစ် အဆင့်မြှင့်တင်နိုင်သည့် အစီအစဉ်များနှင့် ဒေသ၏ လမ်းပန်းဆက်သွယ်မှု၊ အဆင့်မြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တံတား၏လက်ရှိအခြေအနေနှင့် လေလုချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သော တိုင်းတာတွက်ချက်မှုများပြည့်စုံအောင် ဆောင်ရွက်တင်ပြရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့သို့ ညနေပိုင်းတွင်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဆေးကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဇွန် ၁၃

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ (အပေါ်ဆုံးထပ်၌) တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါ၍ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

တစ်နှစ်လျှင် သွေးအိတ်ပေါင်းနှစ်သိန်းခန့်လိုအပ် စေတနာသွေးလှူရှင်များအား မျှော်လင့်အားထား

သတင်း၊ ဓာတ်ပုံ–သန့်ဇင်ထွန်း (ကြေးမုံ)

"သွေးသည်အသက်၊ အသက်သည်သွေး"ဟု အဆိုရှိသည်။ လူနှင့်သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်ရေးတွင် ခန္ဓာကိုယ်အတွင်းရှိ သွေးသည်အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူတစ်ဦး ရောဂါဘယဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် ဆေးဝါးကုသရာတွင် အချို့ကုသမှုများ၌ သွေးသွင်းကုသခြင်းကို မလွဲမသွေ လုပ်ဆောင်ကြရသည်။ အချို့သော ဝေဒနာရှင်များမှာ အချိန်မီ သွေးသွင်းကုသမှု မပြုနိုင်ကြခြင်းကြောင့် အသက်ဆုံးရှုံးမှုများလည်းရှိခဲ့သည်။

မြန်မာနိုင်ငံ၌ သွေးသွင်းကုသခြင်းကို ၁၉၃၉ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုအချိန်က ရန်ကုန်ဆေးရုံကြီး၌ သွေးဘဏ်တစ်ခု တည်ထောင်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ၎င်းသွေးဘဏ်ကို ဗဟိုအမျိုးသား သွေးလှူဘဏ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် သွေးနှင့် သွေးပစ္စည်းဆိုင်ရာ ဥပဒေအရ အမျိုးသားသွေးဌာနဟု ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ အမျိုးသားသွေးဌာနသည် အခကြေးငွေမယူဘဲ မိမိစေတနာအလျောက် လာရောက်လှူဒါန်းသောသွေးများကို စုဆောင်း၍ ဝေဒနာရှင်များကို ငွေကြေးတစ်စုံတစ်ရာမယူဘဲ အခမဲ့သွေးသွင်းကုသပေးလျက်ရှိနေသည်။

မြန်မာလူမျိုးတို့သည် သွေးလှူခြင်းကို ထူးကဲသော ကုသိုလ်၊ တစ်နည်းအားဖြင့် မိမိခန္ဓာကိုယ်အတွင်းမှ သွေးဖြင့် အခြားသူတစ်ဦးတစ်ယောက်၏ အသက်ကို ကယ်တင်နိုင်ခြင်းအတွက် မွန်မြတ်သောအလှူအဖြစ် ခံယူထားကြပေရာ သွေးလှူရှင်များ တစ်နေ့တခြား များပြားလာခဲ့သည်။ သွေးလှူဒါန်းလိုသော စေတနာသွေးလှူရှင်များကို စည်းရုံးပေးသော စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများလည်း တိုးပွားလာခဲ့ရာ ယနေ့အထိ သွေးလှူရှင်အဖွဲ့အစည်းပေါင်း ၂၀ ကျော်အထိရှိနေကြောင်းသိရသည်။ ထို့အပြင် သွေးလှူရှင်စည်းရုံးရေး၊ သွေးစုဆောင်းရေးလုပ်ငန်းကို ငွေအား၊ လူအားဖြင့်လည်းကောင်း၊ ပစ္စည်းကိရိယာများ လှူဒါန်း၍ လည်းကောင်း ကူညီပေးနေသည့် တစ်ဦးချင်းအလှူရှင်များလည်း အရေအတွက်များစွာ ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

သွေးလှူဒါန်းမည့် စေတနာသွေးလှူရှင်များအား သွေးအမျိုးအစား ခွဲခြားစစ်ဆေးစဉ်။

ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားများကို နှစ်စဉ် ဇွန် ၁၄ ရက်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ကျင်းပခဲ့သည်။ A, B, O သွေးအုပ်စုများကို ရှာဖွေတွေ့ရှိခဲ့သူ ဆေးပညာရှင်ကြီး Karl Land steiner ကို ဂုဏ်ပြုသောအားဖြင့် ၎င်း၏ မွေးနေ့ဖြစ်သော ဇွန် ၁၄ရက်နေ့ကို သွေးလှူရှင်များနေ့ဟူ၍ သတ်မှတ်ကျင်းပခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေး ဌာနမှ တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဒေါ်သီတာအောင်က အမျိုးသားသွေးဌာနအကြောင်း ရှင်းလင်း ပြောကြားစဉ်။

သွေးလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ သိလိုသည်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန တာဝန်ခံရောဂါဗေဒဆိုင်ရာဆရာဝန်ကြီး ဒေါက်တာသီတာအောင်အား ကြေးမုံက သွားရောက် တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ဒေါက်တာ သီတာအောင်က "ဇွန်လ ၁၄ ရက်နေ့ကို ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) လို့ သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှာ တစ်ပြိုင်တည်း ကျင်းပကြသလို နိုင်ငံအလိုက် မိမိတို့နိုင်ငံမှာရှိကြတဲ့ စေတနာသွေးလှူရှင်တွေကို ဂုဏ်ပြုတဲ့နေ့တစ်နေ့သတ်မှတ်ပြီး ဂုဏ်ပြုချီးမြှင့်နေပါတယ်။

"မြန်မာနိုင်ငံမှာလည်း သွေးလှူရှင်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတော်က ဒီဇင်ဘာ ၁၄ ရက်နေ့ကို မြန်မာ့သွေးလှူရှင်များနေ့အဖြစ် သတ်မှတ်ပြီး အဲဒီနေ့မှာ အကြိမ်(၅၀)နဲ့အထက် သွေးလှူရှင်တွေကို ဖိတ်ကြားဂုဏ်ပြုခဲ့တာ လာမယ့် ဒီဇင်ဘာ ၁၄ရက်မှာ အကြိမ်(၃၀)မြောက်ရှိတော့မှာ ဖြစ်ပါတယ်" ဟု ဦးစွာပထမပြောကြားသည်။

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တစ်နှစ်လျှင် သွေးအိတ်ပေါင်း နှစ်သိန်းခန့် လိုအပ်လျက်ရှိရာ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အမျိုးသားသွေးဌာနအနေဖြင့် သွေးကောင်းသွေးသန့်များကို လှူဒါန်းနိုင်မည့် စေတနာသွေးလှူရှင်များကို မျှော်လင့်အားထားနေရသည်။

ယင်းအခြေအနေနှင့် ပတ်သက်၍ ဒေါက်တာ ဒေါ်သီတာအောင်က "လက်ရှိ အခြေအနေမှာ သွေးလိုအပ်ချက်ရဲ့ ၆၅ ရာခိုင်နှုန်းကိုပဲ အမျိုးသားသွေးဌာနအနေနဲ့ ဖြည့်ဆည်းပေးနိုင်ပါသေးတယ်။ ဆိုလိုတာကတော့ သွေးလိုအပ်တဲ့ ဝေဒနာရှင် ၁၀၀မှာ ၆၅ ယောက်ကိုသာ အမျိုးသားသွေးဌာနက ဖြည့်ဆည်းပေးနိုင်ပြီး ကျန်တဲ့ ၃၅ ယောက်က ကိုယ့်လူနာအတွက် လိုအပ်တဲ့သွေးကို ကိုယ်တိုင် ရှာဖွေနေရပါသေးတယ်။ တကယ်လို့သာ လေးလတစ်ကြိမ် မှန်မှန်လာရောက် လှူဒါန်းနိုင်တဲ့ သွေးလှူရှင် ၁၅၀၀၀ ကို ရရှိနိုင်မယ်ဆိုရင်တော့ သွေးလိုအပ်ချက်ကို ရာခိုင်နှုန်းပြည့် ထောက်ပံ့ပေးနိုင်မှာဖြစ်ပါတယ်" ဟု ဆက်လက်ပြောပြသည်။

၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၄ရက်က ကျင်းပခဲ့သော (၂၉)ကြိမ်မြောက် သွေးလှူရှင်များနေ့ ဂုဏ်ပြုပွဲတွင်အကြိမ်(၁၁၀)မြောက် သွေးလှူရှင်ကိုးဦး၊ (၁၀၅) ကြိမ်မြောက် သွေးလှူရှင်နှစ်ဦး၊ အကြိမ်(၁၀၀)မြောက် သွေးလှူရှင် ကိုးဦးအပါအဝင် လူပုဂ္ဂိုလ် ၆၃၁ဦး၊ သံဃာတော် အပါး ၄၀နှင့် သီလရှင်နှစ်ပါးတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့ပြင် နိုင်ငံတော်ကလည်း သွေးလှူရှင်များအား လူမှုထူးချွန်တံဆိပ်များဖြင့် ချီးမြှင့်ဂုဏ်ပြုခဲ့ရာ အကြိမ်(၄၀)မြောက် သွေးလှူရှင်အား လူမှုထူးချွန်တံဆိပ် တတိယဆင့်၊ အကြိမ်(၆၀)မြောက် သွေးလှူရှင်အား လူမှုထူးချွန်တံဆိပ် ဒုတိယဆင့်နှင့် အကြိမ်(၇၀)မြောက် သွေးလှူရှင်အား လူမှုထူးချွန်တံဆိပ် ပထမဆင့်များ ချီးမြှင့်ပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့သည်။

ဇွန် ၁၄ ရက် (ယနေ့) တွင် ကျရောက်သည့် ကမ္ဘာ့သွေးလှူရှင်များနေ့ ဆောင်ပုဒ်မှာ I'm…and I Save Lives "မွန်မြတ်ဖြူစင် စေတနာရှင်၊ သွေးလှူခြင်းဖြင့် အသက်ကယ်တင်" ဟူ၍ ဖြစ်သည်။

မိမိ၏ကိုယ်မှဖြစ်သော သွေးကို မွန်မြတ်ဖြူစင်သော သဒ္ဓါတရားဖြင့် ပေးလှူသူ၊ ဝေဒနာရှင်များ၏ အသက်ကို သွေးဖြင့်ကယ်တင်ပေးသူ စေတနာသွေးလှူရှင်များ တိုးတက်များပြားလာနိုင်စေရန် ရည်သန်လျက် ကမ္ဘာ့သွေးလှူရှင်များနေ့တွင် တင်ပြလိုက်ရပါသည်။ ။

ကမ္ဘာ့သွေးလှူရှင်များနေ့ ဂုဏ်ပြုကြိုဆို၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၃

၂၀၀၆ ခုနှစ် ဇွန် ၁၄ ရက်တွင် ကျရောက်သည့် "ကမ္ဘာ့သွေးလှူရှင်များနေ့"ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်မေအုန်း ဦးဆောင်သော ကျောင်းသား၊ ကျောင်းသူများသည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ လာရောက်သွေးလှူဒါန်းကြသည်။ ရှေးဦးစွာ အမျိုးသားသွေးဌာနတာဝန်ခံ ရောဂါဗေဒဆိုင်ရာ ဆရာဝန် ဒေါက်တာသီတာအောင်က သွေးလှူဒါန်းမှုလုပ်ငန်းတွင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသည့် သွေးများရရှိရေးအတွက် ဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။ သွေးလာရောက်လှူဒါန်းသော ကျောင်းသား၊ ကျောင်းသူပေါင်းမှာ ၈၇ ဦးရှိသည်။ (သတင်းစဉ်)

သြဝါဒကထာမြွက်ကြား

မင်္ဂလာတောင်ညွန့်မြို့နယ် သံဃာ့ဝန်ဆောင် ဆရာတော်များ၏ သြဝါဒခံယူပူဇော်ကန်တော့ပွဲကို ဇွန် ၁၁ရက်က မြို့နယ် သံဃနာယကအဖွဲ့ရုံးတည်ရှိရာ ဟသ်ာတ သုံးထပ်စာသင်တိုက်ကျောင်း၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆရာတော်ကြီး ကြွရောက် သြဝါဒကထာမြွက်ကြားတော်မူစဉ်။ (၃၂)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းဈေးလမ်းနေ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်သိန်းရွှေနှင့် သား၊ သမီးတို့က အိန္ဒိယနိုင်ငံ ကမ္ဘာ့ဗုဒ္ဓဝိပဿနာလိုဏ်ဂူဘုရား၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ဗြဟ္မဝိဟာရ စာသင်တိုက်ရှိ နာရေးကူညီမှုအသင်း၊ ထားဝယ်မြို့ ညင်းထွေးကျောင်းသစ်၊ ဇီးကျကျောင်းသိမ်တို့ကို ကျပ်တစ်သိန်းစီ လှူဒါန်းပြီး ဒဂုံမြို့နယ် စကားဝါလမ်းမင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော်ကြီးအတွက် ပစ္စည်းလေးပါးပဒေသာပင် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) တိုးချဲ့မြေကွက်သစ် ဝယ်ယူရန်အတွက် ရန်ကုန်မြို့ သဃ်ၤန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၄)ရပ်ကွက် ရေနံ့သာလမ်းနေ ဒေါ်ကြည်ကြည်(အောင်ချမ်းသာ) မိသားစုများနှင့် ခုနစ်ရက်သားသမီး၊ ဓမ္မမိတ်ဆွေများက ပထမအကြိမ် ငွေကျပ် ၁၅၃၀၀၀ နှင့် ဒုတိယအကြိမ် ငွေကျပ် ၁၇၀၅၀၀ စုစုပေါင်း ငွေကျပ် ၃၂၃၅၀၀ ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးကျော်စိုးလှိုင် (MP. Tours) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဟာရံတံတိုင်း တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) တည်ဆောက်လျက်ရှိသော မဟာရံအုတ်တံတိုင်းအတွက် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တစ်ခန်းလျှင် ကျပ် ၅၀၀၀၀ဖြင့် ဆရာတော် ဖုန်း–၀၉–၅၁–၃၇၀၈၆၊ ၃၈၂၇၅၆၊ ဦးတင့်လွင် ဖုန်း–၀၉–၅၀၀၄၅၅၂၊ ၆၃၈၁၁၄၊ ဦးဌေးမြင့် ဖုန်း–၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း–၆၆၁၅၅၃ နှင့် ဦးမြင့်မောင် ဖုန်း–၇၂၆၅၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

★ ကျောဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်တစ်ဝန်းလုံး ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ပြီး အကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်ပြည်နယ်ကိုလည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပြည်နယ်အတွင်း ပေ ၁၈၀နှင့်အထက်ရှိ စီမံကိန်းဝင်တံတားကြီးပေါင်း ၃၄စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ ဧရာဝတီတိုင်းပြီးလျှင် ရခိုင်ပြည်နယ်သည် စီမံကိန်းဝင်တံတားများ ဒုတိယမြောက် အများဆုံးဖွင့်လှစ်ပေးနိုင်ခဲ့သည့် ပြည်နယ်အဖြစ် မော်ကွန်းတင်နိုင်ပြီဖြစ်ကြောင်း။

စိုက်ပျိုးရေးအနေဖြင့် ပြီးခဲ့သည့်နှစ်က မိုးစပါးဧက ၁၁သိန်းစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် မိုးစပါးဧက ၁၂သိန်း စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းလျာထားချက် အောင်မြင်ရေးအတွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ရေးနှင့် ဧကတိုးတက်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် လျှင်လျှင်မြန်မြန် ထုတ်လုပ်နိုင်သည့် ငါး၊ ပုစွန်နှင့် ဒေသကြက်များကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်က ခြံစည်းရိုးကြက်ဆူပင်ကို ဇီဝလောင်စာဒီဇယ်ဆီထုတ်ယူနိုင်ရေးအတွက် စိုက်ပျိုးကြရန် လမ်းညွှန်ထားရာရခိုင်ပြည်နယ်၌ သုံးနှစ်အတွင်း ဧကငါးသိန်း စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်နယ်အတွင်းရှိ တာဝန်ရှိသူအဆင့်ဆင့် အနေဖြင့်လည်း စီမံကိန်းများ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အောက်ခြေအထိပါ ကွင်းဆင်းဆောင်ရွက်ရန် လိုကြောင်း၊ တာဝန်ကျေရုံမဟုတ်ဘဲ ပြည်နယ်၏ အကျိုးစီးပွားကို မှတ်တမ်းတင် ဂုဏ်ယူနိုင်လောက်သည့် လုပ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီးအရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေမြို့ရှိ ဖောင်တော်ကြီး ဆိပ်ကမ်းတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကြီးကြပ်မှုဖြင့် အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် စစ်တွေမြို့ အမှတ်(၁) ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ် ဆိပ်ကမ်းအရာရှိ ဦးသန်းဦးနှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးရွှေမောင်တို့က ဆိပ်ခံတံတားဆိုင်ရာ အချက်အလက်များ၊ စစ်တွေမြို့ရှိ ဆိပ်ခံတံတားများအခြေအနေ၊ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ကမ်းရိုးတန်းသွား သင်္ဘောများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာသည့်တန်ချိန် ၄၀၀၀ တင် သင်္ဘောများ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်၍သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးနိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားပြီးလိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆိပ်ခံတံတားတည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ဆိပ်ခံတံတားကို မူလတံတားဟောင်းနေရာတွင် တန်ချိန် ၄၀၀၀ တင် သင်္ဘောများဆိုက်ကပ်နိုင်မည့် မျက်နှာစာအလျားပေ၂၄၀၊ အကျယ် ၄၈ပေရှိ ဆိပ်ခံတံတားနှင့် အလျား ၄၄၄ပေ၊ အကျယ် ၂၄ ပေရှိ ချဉ်းကပ်တံတား တစ်ခုပါဝင်သည့် ခေတ်မီခိုင်ခံ့သော သံကူကွန်ကရစ် ဆိပ်ခံတံတားဖြင့် အစားထိုးတည်ဆောက်လျက်ရှိကြောင်း သိရသည်။ လက်ရှိလုပ်ငန်းတစ်ခုလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်း ပြီးစီးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေမြို့၏ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုမော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေမြို့ရှိ လောကာနန္ဒာစေတီတော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ စကြာမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို ကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ဇွန်၁၃ရက်က ဖိလစ်ပိုင်သမ္မတနိုင်ငံ၏(၁၀၈)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက် လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A Gomez က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✧ NLD ပါတီမှ

သဘာပတိအဖြစ်ဆောင်ရွက်၍ မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူး ဦးလဝေါမ်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် နုတ်ထွက်လွှာပေးအပ်သူ ခုနစ်ဦးတို့၏ ကိုယ်စား မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဖော်ဂန့်လရိန်က ပါတီမှနုတ်ထွက်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရာတွင် NLD ပါတီခေါင်းဆောင်များသည် ၎င်းတို့ပါတီ ကောင်းစားရေး၊ ၎င်းတို့ပါတီ အာဏာရရှိရေး၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် စကားအတိုင်း တိုင်းပျက်ပြည်ပျက် အဖျက်အမှောင့် လမ်းစဉ်ကို ဆောင်ရွက်နေမှုကြောင့် ပါတီအပေါ် စိတ်ပျက်ရွံရှာပြီး စိတ်ဝင်စားမှုတစ်နေ့တခြား လျော့နည်းလာခဲ့ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဝိဝါဒ သဘောထားမကွဲဘဲ နိုင်ငံတော်ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားအားလုံး ဖွံ့ဖြိုးရေးဆိုသည့် အမျိုးသားရေး သက်သက်ကိုသာ နေ့မအား၊ ညမနား ဦးတည်ဆောင်ရွက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အတွက် အမျိုးသားနိုင်ငံရေးသက်သက်ကိုသာ စိတ်ဝင်စားလာပြီး ပါတီနိုင်ငံရေးကို စိတ်ပါဝင်စားမှုလုံးဝမရှိတော့သည့်အတွက် ပါတီဝင်အဖြစ်မှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီသို့ စတင်ဝင်ရောက်ခဲ့သည့်ရည်ရွယ်ချက်မှာ ပါတီနိုင်ငံရေးကို သန့်သန့် ရှင်းရှင်းဖြင့် ဆောင်ရွက်ပြီး ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်မည် ဆိုသည့်ရည်ရွယ်ချက်ဖြင့် ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ တိုင်းရင်းသားအားလုံး၏ အမျိုးသားရေးကို ဦးတည်ပြီး နိုင်ငံ၏အသက်သွေးကြောပမာဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပခဲ့စဉ်က တိုင်းရင်းသားအားလုံးနှင့်အတူ NLD ပါတီကလည်းအစပိုင်းတွင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း၊ ပါတီကောင်းစားရေးကို ရှေးရှုတောင်းဆိုမှုများ မရရှိသည့်အချိန်တွင် တိုင်းရင်းသားများ၏ အမျိုးသားရေးကို မကြည့်ဘဲ NLD ပါတီကောင်းစားရေး တစ်ခုတည်းကို သာကြည့်ပြီး အမျိုးသားညီလာခံကြီးကို ကျောခိုင်းထွက်ခွာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကမ္ဘာသိကြေညာခဲ့ပြီးနောက် အမျိုးသားညီလာခံ၌ ပါဝင်ဆွေးနွေးရန် NLD ပါတီကို ဖိတ်ခေါ်ခဲ့ကြောင်း၊ သို့ရာတွင် NLD ပါတီအနေဖြင့် တက်ရောက်ခြင်းမရှိတော့ဘဲ ပါတီတစ်ခု၊ လူတစ်စု ကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်ပနိုင်ငံအချို့နှင့် မြေပေါ်မြေအောက် အဖျက်သမားများနှင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြောင်း၊ သို့ဖြစ်၍ ပါတီသည် ပြည်သူကို ကိုယ်စားမပြုဘဲ အမြဲတမ်းဆန့်ကျင်ဘက်သို့သာဦးတည်နေသော လူပိုတစ်စုအဖြစ် ရောက်ရှိလာသည့်အတွက် ပါတီဝင်ဖြစ်ရခြင်းကို စိတ်ပျက်လာခဲ့ကြောင်း။

မျက်မြင်တွေ့ရှိ

နိုင်ငံတော် အစိုးရ၏ ဦးဆောင်မှုအောက်တွင် ဒေသဆိုင်ရာအာဏာပိုင်များ၏ စွမ်းစွမ်း တမံအကောင်အထည်ဖော်မှုများကြောင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် နိုင်ငံတော်အစိုးရ၏ လုပ်ရပ်နှင့် စေတနာကိုသိမြင်လာကာဥပဒေဘောင်အတွင်းဝင်ရောက်လာကြောင်း၊တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေးကို ထာဝရလဲလှယ်ခဲ့ကြပြီး နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် မိမိတို့ ကချင်ပြည်နယ်အတွင်းမှာသာမက အခြားနယ်စပ်ဒေသများတွင်ပါမကျန်မကြုံစဖူး ထူးကဲသည့် ငြိမ်းချမ်းသာယာမှုများရရှိလာသည်ကို မျက်မြင်တွေ့ရှိခံစားရကြောင်း၊ ၎င်းတို့အနေဖြင့် တိုင်းပြည်နှင့်လူမျိုး အတွက် အမှန်တကယ်အကျိုးပြုပြီး သန့်စင်မွန်မြတ်သည့် ရပ်တည်ခြင်းကို လိုလားခြင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ကြိုးပမ်းဆောင်ရွက်လိုခြင်း၊ အာဏာကိုမက်မောပြီး အာဏာရရှိရေးကိုသာ အဓိကထား၍ အတ္တကြီးမားသည့် NLD ပါတီနှင့်ဆက်လက် လက်မတွဲလိုခြင်းနှင့် ပါတီအပေါ် လုံးဝစိတ်ဝင်စားခြင်းများ မရှိတော့သည့်အတွက် ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

နုတ်ထွက်လွှာပေးအပ်

ထို့နောက် နုတ်ထွက်လွှာပေးအပ်သူ ခုနစ်ဦးတို့၏ ကိုယ်စား မန်စီမြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးမခါဂမ်က နုတ်ထွက်လွှာများကို မန်စီမြို့နယ်ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံပေးအပ်သည်။ မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ကိုးဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တစ်ဦးမှာ ကွယ်လွန်သွားပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် များအပါအဝင် ခုနစ်ဦးမှာ ယနေ့ နုတ်ထွက်ခဲ့ကြသဖြင့် မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် တစ်ဦးသာကျန်ရှိပြီး ၎င်းမှာ အခြားဒေသသို့ ရောက်ရှိနေသဖြင့် မန်စီမြို့နယ် NLD ပါတီအနေဖြင့် လှုပ်ရှားဆောင်ရွက်မှုမရှိတော့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းရဲတပ်ဖွဲ့တို့၏ ညွှန်ကြားချက်များနှင့်အညီ ဗိုလ်တထောင်မြို့နယ် ရဲတပ်ဖွဲ့စခန်းသည် မြို့နယ်အတွင်း မှုခင်းများ လျော့နည်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေး၊ လုံခြုံရေးစီမံဆောင်ရွက်မှု ပညာပေးဟောပြောဆွေးနွေးခြင်းများကို ပြုလုပ်လျက်ရှိရာ ဇွန် ၃ ရက်က အမှတ်(၂) ရပ်ကွက်ရုံးတွင် ရပ်ကွက်ပြည်သူများအား စခန်းမှူး ရဲအုပ်မျိုးညွှန့်က မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးဟောပြောစဉ်။ (၃၁)

ဂျပန်နိုင်ငံတွင် ဝယ်လိုအား ကောင်းနေသော တစ်ခါသုံး ကင်မရာများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

➤ ဂျပန်မှ

ထုတ်လုပ်မှုဘက်သို့ ဦးလှည့်လာကြကြောင်း ဇွန် ၁၃ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင်ကင်မရာအမျိုးအစားသစ်ဖြစ်သည့် ဒီဂျစ်တယ်ကင်မရာများ ခေတ်စားနေဆဲ ဖြစ်သော်လည်း တစ်ခါသုံး ကင်မရာများ အဝယ်လိုက်နေခြင်းမှာ ကင်မရာအသုံးပြုလေ့ရှိသူများ၏ မေ့လျော့တတ်မှု ကြောင့်ဖြစ်သည်။ သွားလေရာရာသို့ ကင်မရာယူသွားတတ်သူများသည် ကင်မရာမေ့ကျန်သည့် အခါမျိုးတွင် တစ်ခါသုံး ကင်မရာများကို ဝယ်ယူသုံးစွဲလေ့ရှိသည်။ ထို့ပြင်ဈေးနှုန်းချိုသာသော တစ်ခါသုံးကင်မရာများကို လူငယ်များကလည်း အပျော်သဘောဝယ်သုံးရန် စိတ်ဝင်စားကြသည်။

ဂျပန်နိုင်ငံတွင်နည်းပညာတီထွင်ဆန်းသစ်မှုများနှင့်အတူ ကင်မရာအမျိုးအစားသစ်များ တစ်မျိုးပြီးတစ်မျိုး ပေါ်ပေါက်လာခဲ့သော်လည်း လွန်ခဲ့သည့် နှစ် ၂၀ကာလမှစ၍ ပေါ်ပေါက်ခဲ့သော တစ်ခါသုံးကင်မရာများကို ကုန်ပဒေသာ ဆိုင်များတွင် ယနေ့တိုင်အောင်ရောင်းနေရသည်။ ဂျပန်နိုင်ငံသာမက အနောက်နိုင်ငံများတွင်လည်း တစ်ခါသုံးကင်မရာများ အရောင်းသွက်နေဆဲဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က တစ်ခါသုံးကင်မရာလုံးရေ ၂၆၂သန်း ရောင်းချခဲ့ရကြောင်း အမေရိကန်အခြေစိုက် ကင်မရာအရောင်းမြှင့်တင်ရေးအသင်းက ပြောကြားသည်။

ဒီဂျစ်တယ်ကင်မရာများ ခေတ်စားလာခြင်းကြောင့် ဓာတ်ပုံဖလင်ထုတ်လုပ်သည့် ဂျပန်ကုမ္ပဏီများသည် တစ်ခါသုံး ကင်မရာများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဦးလှည့်လာကြကြောင်း ဈေးကွက်သုတေသီတစ်ဦးက ပြောကြားသည်။ ကမ္ဘာပေါ်တွင် ဓာတ်ပုံဖလင်ထုတ်လုပ်သည့် ကုမ္ပဏီများအနက် တတိယအကြီးဆုံးကုမ္ပဏီဖြစ်သော ကိုနီကာ မင်နော်တာ (Konica Minolta)ကုမ္ပဏီသည် ယခုနှစ်မှစ၍ ကာလာဖလင်ထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ရသည်။ ထိုစဉ်အတွင်း ဂျာမနီနိုင်ငံရှိ အဂ်ဖာဖိုတို (Agfa Photo)ကုမ္ပဏီသည် လုပ်ငန်းများအရှုံးပေါ်ခြင်းကြောင့် ဖလင်ထုတ်လုပ်မှု လုပ်ငန်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ရာ တစ်ခါကနာမည်ကျော်ကြားခဲ့သော အဂ်ဖာဖလင်များ ပျောက်ကွယ်တော့မည်ဖြစ်ကြောင်း ဈေးကွက် သုတေသီ နာကာနိုမီယိုက ပြောကြားသည်။

ကမ္ဘာပေါ်တွင် ဓာတ်ပုံဖလင်ထုတ်လုပ်သည့် ထိပ်တန်းကုမ္ပဏီနှစ်ခုဖြစ်သော အိစ်မင်ကိုဒတ်(Eastman Kodak) ကုမ္ပဏီနှင့်ဖူဂျီ(Fuji)ကုမ္ပဏီတို့သည် ပြောင်းလဲလာသော ဈေးကွက်အခြေအနေများနှင့်အညီ တစ်ခါသုံးကင်မရာများကို ထုတ်လုပ်ရန် လုပ်ငန်းမဟာဗျူဟာ ဦးလှည့်လာကြပြီဖြစ်သည်။ အင်တာနက်။

တာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ရိုးသားမှု အရေးကြီး ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့်အခွန်ဆိုင်ရာ ပညာပေးစည်းရုံး

ရန်ကုန် ဇွန် ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၁၁ ရက်တွင် မန္တလေးတိုင်း ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် မန္တလေးတိုင်းအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ (အပေါ်ပုံ)

တွေ့ဆုံပွဲတွင် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် နိုင်ငံ့သားကောင်းပီသစွာ၊ ဝန်ထမ်းကောင်းပီသစွာဖြင့် အလေးအနက်ထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဆက်ဆံရေးပြေပြစ်ချိုသာမှုသည် အရေးကြီးကြောင်း၊ ဒေသခံပြည်သူများအား ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေး စည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးရိုးသားသား မှန်မှန်ကန်ကန်ဖြင့် ကြိုးစားဆောင်ရွက်ရန်၊ စည်းမျဉ်းဥပဒေများနှင့်အညီ တာဝန်သိစွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ရှာဖွေပေးနေရသည့်ဌာန၊ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရသည့် ဌာနကြီးဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန်အတွက် ဌာနအတွင်းသာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့်လည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဇွန် ၁၂ ရက်တွင် ကျောက်ဆည်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိကြရာ ဘဏ်ခွဲမန်နေဂျာနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စေရေး၊ ဒေသခံပြည်သူများနှင့် ဆက်ဆံရာတွင် ချိုသာပြေပြစ်မှုရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ရှိ မိတ္ထီလာခရိုင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ သက်ဆိုင်ရာဌာန တာဝန်ခံအရာရှိများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် စံနမူနာထားလောက်သည့် ဝန်ထမ်းကောင်းဖြစ်ရန် အထူးကြိုးစားဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပျော်ဘွယ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်း မြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများသို့ ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ (၁၄–၆–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လှိုင် အမက(၁၇) ပညာသင်စရိတ်လှူဒါန်း

ရန်ကုန် ဇွန် ၁၃

လှိုင်မြို့နယ် အမက(၁၇) ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ပညာသင်စရိတ်နှင့် စာအုပ်လှူဒါန်းပွဲကို ဇွန် ၈ ရက်က ကျင်းပရာ ရန်ကုန်အဝေးသင်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးမောင်မောင်အေးနှင့်အဖွဲ့က ငွေတစ်သိန်းနှင့်စာအုပ်ရှစ်ဒါဇင်၊ ခဲတံ၊ ဘောလ်ပင်တို့ကိုလည်းကောင်း **(အပေါ်ပုံ)** ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ငယ်ရွယ်အဖွဲ့ခွဲခေါင်းဆောင် ဒေါ်သန်းနုက ကျောင်းသူ၊ ကျောင်းသား ၅၃ ဦးအတွက် ကျောင်းစရိတ်ငွေကျပ် ၁၅၁၆၅၀ ကိုလည်းကောင်း လှူဒါန်းခဲ့ကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝင်းနှင့် (၁၆)ရပ်ကွက်ဥက္ကဋ္ဌ ဦးလှထွန်းတို့က ကျေးဇူးတင်စကားပြောကြားသည်။ (ပညာရေး)

ရခိုင် ပညာသင်ဆု ချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၃

ရခိုင်သဟာယအသင်း(ရန်ကုန်)ကကြီးမှူး၍ ရခိုင်လူမှုရေးအသင်း(ဂျပန်)နှင့် ရခိုင်ပညာရေးဖောင်ဒေးရှင်း (မလေးရှား)တို့က ချီးမြှင့်သော ရခိုင်ပညာသင်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ကျင်းပရာ ရခိုင်သဟာယအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးအောင်ရွှေဦး၊ ရခိုင်သဟာယအသင်း (ရန်ကုန်) နာယက ဗိုလ်မှူးကျော်မောင်(ငြိမ်း)၊ နာယက ပါမောက္ခ ဒေါက်တာစောမြရီ၊ ပါမောက္ခချုပ် ဒေါက်တာကျော်သိန်း (ငြိမ်း)၊ ရခိုင်သဟာယအသင်း (ရန်ကုန်) နာယက ဦးရွှေဖံနှင့် ဒေါ်စောခင်တင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရခိုင်ပညာသင်ဆုရ ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရခိုင်ပြည်နယ်မှ သိပ္ပံတွဲ၊ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် ရခိုင်ပြည်နယ်မှ ဝိဇ္ဇာတွဲ၌ ပထမရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၄ ဦးတို့အား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ဆေးတက္ကသိုလ် (မကွေး)မှ နောက်ဆုံးနှစ်ကျောင်းသူ မမြတ်မြတ်ခိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သတင်းများ

ချက်အသင်းက အမေရိကန်ကို အနိုင်ရ

ဂယ်ဆန်ကာချန်(ဂျာမနီ) ဇွန် ၁၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(င)တွင် ပါဝင်သော အမေရိကန်အသင်းနှင့် ချက်သမ္မတနိုင်ငံအသင်းတို့ တနင်္လာနေ့က ယှဉ်ပြိုင်ကစားကြရာ ချက်သမ္မတနိုင်ငံအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မရဏအုပ်စုဟူ၍ သိရှိကြသော အုပ်စု(င)၏ ပထမဆုံးသောပွဲတွင် ချက်သမ္မတနိုင်ငံအသင်းက ဂျန်ခိုလာသွင်းယူပေးသော ဂိုးတစ်ဂိုးနှင့် ရိုဆစ်ကီသွင်းယူပေးသော ဂိုးနှစ်ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည်။ ခိုလာသည် အရပ်ခြောက်ပေခုနစ်လက်မခွဲရှိသော ထောင်ထောင်မောင်းမောင်း ဘောလုံးသမားဖြစ်သည်။ ပွဲစတင်ပြီး ငါးမိနစ်မျှသာကြာမြင့်သေးချိန်တွင် ခိုလာက ခေါင်းတိုက်၍ ဂိုးသွင်းနိုင်ခဲ့သည်။ သို့ရာတွင် ချက်အသင်းမှ တိုက်စစ်မှူးတစ်ဦးဖြစ်သည့် ခိုလာသည် ထိခိုက်ဒဏ်ရာရရှိခြင်းကြောင့် နောက်ပိုင်းတွင် ကွင်းအတွင်းမှ ထွက်ခွာသွားခဲ့ရသည်။

ချက်အသင်းသည် ပထမပိုင်း မပြီးဆုံးမီမှာပင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဦးဆောင်ကစားခဲ့သည်။

ပွဲချိန် ၃၆ မိနစ်တွင် ချက်အသင်းမှ ရိုဆစ်ကီက ကိုက် ၃၀ အကွာမှ ညာခြေဖြင့် လျှပ်တစ်ပြက်ကန်သွင်းခဲ့ရာ အမေရိကန်ဂိုးသမား ကယ်လာ မကာကွယ်နိုင်ဘဲ ဒုတိယဂိုးပေးလိုက်ရသည်။

ပွဲချိန် ၇၇ မိနစ်တွင် ရိုဆစ်ကီကပင် တတိယဂိုးသွင်းယူခဲ့သည်။ အာဆင်နယ် ကွင်းလယ်ကစားသမားဖြစ်သည့် ရိုဆစ်ကီသည် နက်ဒ်ဗက် ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးကို ကန်သွင်းခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အမေရိကန်အသင်း နောက်ခံလူ အိုဂူချီအွန်ယေဝူ (ယာ)**နှင့် ချက်အသင်းမှ ဂျန်ခိုလာတို့ ဘောလုံးကို အပြိုင်အဆိုင်ခေါင်းတိုက်ကြစဉ်။**
(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယားအသင်းက တိုဂိုကို အနိုင်ရ

ဖရန့်ဖတ် ဇွန် ၁၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)အသင်းများ၏ အုပ်စုအဆင့်ပွဲစဉ်အဖြစ် တောင်ကိုရီးယားအသင်းနှင့် တိုဂိုအသင်းတို့ ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့တွင် အင်္ဂါနေ့ကယှဉ်ပြိုင်ကစားရာ တောင်ကိုရီးယားအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

တောင်ကိုရီးယားအသင်းသည် ယခုပွဲတွင် အနိုင်ရရှိခြင်းဖြင့် အုပ်စု(ဆ)မှ အခြားအသင်းများဖြစ်ကြသော ပြင်သစ်၊ ဆွစ်ဇာလန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားသည့်အခါ စိတ်ဓာတ်ရေးရာအရ အားတက်မှုနှင့်ကစားနိုင်မည်ဟု ယူဆရသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသော တိုဂိုအသင်းသည် ပွဲချိန် ၃၃မိနစ်တွင် ဂိုးရရှိခဲ့သည်။ တိုဂိုအသင်းအတွက် မိုဟာမက်ခါဒါက ကန်သွင်းခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၅၄မိနစ်တွင် တိုဂိုအသင်းမှ ဂျင်းပေါလ်အဘိုလိုက တောင်ကိုရီးယားအသင်းမှ ဂျီဆွန်ပတ်အား ကြမ်းကြမ်းတမ်းတမ်း ဖျက်ထုတ်မှုကြောင့် တောင်ကိုရီးယားအသင်း ဖရီးကစ် ကန်သွင်းခွင့် ရရှိရာမှ ချွန်ဆူလီးက ချေပဂိုးသွင်းနိုင်ခဲ့သည်။

တောင်ကိုရီးယားအသင်းမှ ဂျွန်ဟွန်အန်းက ဝေ့ဝိုက်ကန်သွင်းကာ အနိုင်ဂိုး ဂိုးသွင်းယူနိုင်သည်။ **အင်တာနက်။**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အိမ်ရှင်ဂျာမနီနှင့်တူနီးရှားတို့ ခြေစွမ်းပြမည်၊ စပိန်နှင့်ယူကရိန်း ပွဲကြီးပွဲကောင်း

ဇွန် ၁၄ ရက်တွင် စပိန်နှင့်ယူကရိန်း၊ တူနီးရှားနှင့်ဆော်ဒီအာရေဗီးယားတို့ ကစားပြီး ဇွန် ၁၅ ရက်နံနက်၌ အိမ်ရှင်ဂျာမနီ–ပိုလန်တို့ ကစားကြမည်။ စပိန်၊ ယူကရိန်း၊ တူနီးရှား၊ ဆော်ဒီတို့သည် နောက်ဆုံးအုပ်စု(ဇ)မှ အသင်းများ ဖြစ်သည်။ ထိုအသင်းများကစားပြီးလျှင် အုပ်စု(က)မှ အသင်းများ တစ်ပွဲစီ ကစားပြီးသွားကြပြီဖြစ်သည်။

အိမ်ရှင် ဂျာမနီနှင့် ပိုလန်တို့သည် အုပ်စုဒုတိယပွဲစဉ်အဖြစ် ဆက်လက်ယှဉ်ပြိုင်ကြလိမ့်မည်ဖြစ်သည်။

စပိန် – ယူကရိန်း

၁၄–၆–၂၀၀၆
လိုက်ပ်ဇစ်ကွင်း
အချိန် – ည ၇း၃၀ နာရီ၊ ဗုဒ္ဓဟူးနေ့
ကွင်းလယ်ဒိုင်လူကြီး–မက်ဆီမိုဘူဆက်ကာ(ဆွစ်ဇာလန်)
လက်ထောက်ဒိုင်လူကြီး(၁)–ဖရန်ဆစ္စကိုဘူရာဂျီနာ(ဆွစ်ဇာလန်)
လက်ထောက်ဒိုင်လူကြီး(၂)–မက်သီးယပ်စ်အာနစ်(ဆွစ်ဇာလန်)
(မြဝတီမှ ပြန်လည်ထုတ်လွှင့်ပြသမည်။)

ယူကရိန်းသည် ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော အသင်းဖြစ်သည်။ ယင်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရန် ယူကရိန်းသည် ခက်ခက်ခဲခဲဖြင့်ကျော်ဖြတ်ခဲ့ရသည်။ ဥရောပ ဇုန်(၂)တွင် တူရကီ၊ ဒိန်းမတ်၊ ဂရိစသည့် ဘောလုံးအင်အားကြီးနိုင်ငံများနှင့်အတူ ပါဝင်ခဲ့သည်။ ၎င်းအသင်းများကို ဖြတ်ကျော်ပြီး အုပ်စုပထမရရှိခဲ့ခြင်းက ယူကရိန်း၏ ဘောလုံးအဆင့်အတန်းကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

ကမ္ဘာကျော် ဘောလုံးသမားတစ်ဦး ယူကရိန်းတွင်ရှိသည်။ ပရိသတ်များ သိကြသည့်အတိုင်းပင် ရှက်ချင်ကို ဖြစ်သည်။ အေစီမီလန်၏ တိုက်စစ်မှူး

ဂျာမနီနိုင်ငံ ကာမင်မြို့တွင် လေ့ကျင့်ပြင်ဆင်လျက်ရှိသော စပိန် လက်ရွေးစင်ကစားသမားများကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂမ်ဆိုင်း



ယူ က ရိန်း အသင်းကို ဦးဆောင်ကစားမည့် ရှက်ချင်ကို။
(ဓာတ်ပုံ–အင်တာနက်)

ဖြစ်သည့် ရှက်ချင်ကို ယူကရိန်းအသင်းကို ဦးဆောင်ကစားလိမ့်မည် ဖြစ်သည်။ ယခင်နာမည်ကျော် ဆိုဗီယက်ကလပ်အသင်းများဖြစ်သည့် ဒိုင်နမိုကီယက်နှင့် ရှာတာဒိုးနက်အသင်းမှ ကစားသမားများနှင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့် စိတ်ဓာတ်၊ ကြံ့ခိုင်မှုတွင် ပြောစရာမရှိ။ ထို့အပြင် စုစည်းမှုအားကောင်းသည်။

စပိန်သည် ဥရောပတွင် နာမည်ကြီးအသင်းတစ်သင်းဖြစ်သည်။ လာလီဂါဘောလုံးပွဲများကြောင့် ကမ္ဘာ့ဘောလုံး ပရိသတ်က အကျွမ်းတဝင်ရှိနှင့်ပြီးသော အသင်းဖြစ်သည်။ စပိန်မှာတစ်ဦးချင်းထက်မြက်သော ကစားသမား အများအပြား ရှိသည်။ သို့သော်လည်း နိုင်ငံတကာ အတွေ့အကြုံနည်းသောသူများ ဖြစ်သည်။ ထို့အပြင် စပိန်သည် အင်တိုက်အားတိုက် ကစားတတ်လေ့ မရှိ။ တစ်နည်းဆိုရသော် စိတ်ဓာတ်ခွန်အား နည်းသည်။ မည်သို့ပင်ဖြစ် နည်းပြဆရာ အာရာဂိုးနက်သည် အသင်းကို ကောင်းစွာဦးဆောင်မှုပေးနိုင်သူ ဖြစ်သည်။ ယခင်ကနှင့်မတူသော စပိန်အသင်းကို တွေ့ရဖွယ်ရှိသည်။

လူအား၊ အတွေ့အကြုံအားကို ယှဉ်ကြည့်လျှင် စပိန်အသင်းက သာသည်။ နိုင်လောက်သည့် အနေအထားလည်းရှိသည်။ တစ်ဂိုးဂိုးမရှိလောက် နိုင်နိုင်သည်။ အကယ်၍ ယူကရိန်းမထင်မှတ်ဘဲ ခြေစွမ်းပြနိုင်လျှင် သရေ သို့မဟုတ် အနိုင်ပင်ရနိုင်သည်။

တူနီးရှား – ဆော်ဒီအာရေဗျ

၁၄–၆–၂၀၀၆
အလိုင်းယင့်(စ်)အရီနာကွင်း
အချိန်– ည ၁၀း၃၀ နာရီ၊ ဗုဒ္ဓဟူးနေ့
ကွင်းလယ်ဒိုင်လူကြီး–မာ့စ်ရှီး(ဒ်) (ဩစတြေးလျ)
လက်ထောက်ဒိုင်လူကြီး(၁)–နာသန်ဂစ်ဆွန်း (ဩစတြေးလျ)
လက်ထောက်ဒိုင်လူကြီး (၂)–ဘန်းဝီလ်ဆင်(ဩစတြေးလျ)
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

အာဖရိကနှင့် အာရှအသင်းနှစ်သင်း ယှဉ်ပြိုင်မည့်ပွဲဖြစ်သည်။ ဆော်ဒီသည် အာရှတွင် ထိပ်တန်းအဆင့်ရှိသော အသင်းတစ်သင်းဖြစ်သည်။ အာရှဇုန်ခြေစစ်ပွဲတွင် ဆော်ဒီသည် သက်သောင့်သက်သာဖြင့် အောင်မြင်ခဲ့သော အသင်းဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဘာလင်မြို့တွင် လေ့ကျင့်နေသော အိမ်ရှင်ဂျာမနီအသင်းမှ ကစားသမားများကို ဇွန် ၁၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ယခုတစ်ကြိမ်အပါအဝင် လေးကြိမ်ဆက်တိုက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ခွင့်ရသော် လည်း ယခင်နှစ်များက အုပ်စုအဆင့်မှ လှည့်ပြန်ခဲ့ရသည်။

ပွဲဦးထွက်တွင် ဆော်ဒီသည် တူနီးရှားနှင့် ကစားရမည်။ ၂၀၀၂ ခုနှစ် တောင်ကိုရီးယား–ဂျပန်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဆော်ဒီသည် ဂျာမနီကို ရှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးခဲ့ဖူးသည်။ ယခုနှစ် ပွဲဦးထွက်ပွဲတွင် ဤမျှအခြေအနေ ဆိုးလိမ့်မည် ဟုမထင်ပေ။

တူနီးရှားသည်လည်း ဆော်ဒီကဲ့သို့ပင်အုပ်စုမှလှည့်ပြန်လေ့ရှိသော အသင်းတစ်သင်းဖြစ်သည်။ သို့သော် တူနီးရှားနှင့် ဆော်ဒီတို့မှာ ကွာခြားချက်ရှိသည်။ တူနီးရှားအသင်းတွင် ဥရောပအခြေစိုက်ဘောလုံးသမား အများအပြားပါဝင်ပြီး ဆော်ဒီတွင် မရှိခြင်းတို့ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နှစ်သင်း၏အနေအထားကို လေ့လာကြည့်လျှင် တူနီးရှားက သာသည်။ ဆော်ဒီအသင်းကို နိုင်ချေရှိသည်။ ဂိုးပြတ်၊ မပြတ်၊ ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်ကို စောင့်ကြည့်ရမည်သာဖြစ်သည်။

ဂျာမနီ – ပိုလန်

၁၅–၆–၂၀၀၆
ဒေါ့မွန်ကွင်း
အချိန်–နံနက် ၁း၃၀ နာရီ သောကြာနေ့
(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ဂျာမနီသည် ကော်စတာရီကာကို နိုင်ထားသည်။ ပိုလန်က အီကွေဒေါကိုရှုံးသည်။ ဂျာမနီက သုံးမှတ်ရထားသည်။ ပိုလန်က တစ်မှတ်မှ မရသေးဘဲရှိသည်။

ကော်စတာရီကာနှင့် ကစားသောပွဲတွင် ဂျာမနီ၏ ကစားပုံများသည် များစွာပြောင်းလဲလာသည်။ ယခင်ကကဲ့သို့ အဝေးဘော၊ အမြင့်ဘောများကို အသုံးပြုပြီးမကစားတော့ဘဲ ကစားကွက်များဖြင့်ပုံဖော်ကစားလာသည်။ တစ်နည်းဆိုရသော် တစ်ဦးချင်း စွမ်းရည်အပေါ် ပိုမိုအားပြုလာသည်။ ဘောလက်မပါဝင်သော ဂျာမနီအသင်းသည် ရှနိုက်ဒါတင်ဘိုရော့စကီးတို့ဖြင့် ခြေစွမ်းပြနိုင်ခဲ့သည်။ ရှနိုက်ဒါနှင့်တင်ဘိုရော့စကီးတို့သည် ကွင်းလယ်မှနေပြီးအကျယ်ပြန့်ဆုံး လှုပ်ရှားကစားသွားသည်။

သို့သော် ဂျာမနီ၏နောက်တန်းမှာအားရကျေနပ်မှုမရှိ။ အနီးကပ် အပေးအယူလုပ်ပြီး ထိုးဖောက်ချက်များကို ဂျာမနီနောက်တန်းက ကောင်းစွာမထိန်းနိုင်ဘဲရှိသည်။

ယခုနှစ် ပိုလန်သည် ၂၀၀၂ ခုနှစ် ပိုလန်အသင်းနှင့် တစ်ခြားစီဖြစ်သည်။ မာမာကျောကျော တုံ့ပြန်မှုများမတွေ့ရသလို ကျားကုတ်ကျားခဲ ကစားမှုများကိုလည်း မမြင်ရတော့ဘဲရှိသည်။ ကစားကွက်ကို ပိုမိုအားပြုလာသည်။ ကွင်းလယ်၌ ဖန်တီးမှုကောင်းသော်လည်း ရှေ့တန်းဂိုးသွင်းမည့်သူမဲ့နေသည်။ နောက်အချက်မှာ ဘယ်ဘက်မှ တစ်သမတ်တည်း ထိုးဖောက်နေခြင်းဖြစ်သည်။ ထို့အပြင် ခံစစ်ကြောင်းတွင်လည်း အားပျော့နေသည်။

ထို့ကြောင့် ဂျာမနီ၏ ထိုးဖောက်ချက်များကို ပိုလန်ပိတ်ဆို့ ကာကွယ်ရန် ခက်လိမ့်မည်။ လူအနေအထားနှင့် ကစားပုံတို့တွင် ဂျာမနီက ပိုလန်ထက်သာသည်။ အိမ်ရှင်ဂျာမနီအနိုင်ရရန် အခွင့်သာသည်။ နှစ်ဂိုးပြတ် ဂိုးသွင်းမခံရလျှင် ပိုလန်အသင်းအဖို့ ကံကောင်းသည်ဟု ဆိုရလိမ့်မည်ဖြစ်သည်။ ။

ရန်ကုန်မြို့စမ်းချောင်းမြို့နယ် မြေနီကုန်း ယုဇနတာဝါ ဓမ္မစေတီလမ်းနေ ဗိုလ်မှူးကြီး မြင့်ထွန်း–ဒေါ်စပယ်ဖြူမိသားစုတို့က (၂၃)နှစ်ပြည့် မင်္ဂလာအထိမ်းအမှတ် ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့စာ ကျွေးမွေးရန် ငွေကျပ် ၁၁၅၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရန်ကုန်မြို့ သာကေတမြို့နယ် (၁၀)တောင်ရပ်ကွက် ဓမ္မာရုံလမ်းနေ ဦးကျော်ရင်–ဒေါ်စန်းစန်း၊ သမီး နေခြည်ခိုင်မိသားစုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (က–ပ)

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီရိပ်သာ သီရိလမ်းနေ ဦးကိုကိုကြီး (ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့နာယက)နှင့်ဇနီး ဒေါ်ရင်ရင်မြ တို့က ဦးကိုကိုကြီး၏ အသက်(၈၀)ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်လက်ခံယူစဉ်။ (က–ပ)

ရခိုင်ပြည်နယ်သည် စီမံကိန်းဝင်တံတားများ ဒုတိယမြောက် အများဆုံးဖွင့်လှစ်နိုင် ယခုနှစ်တွင် မိုးစပါးဧက ၁၂ သိန်းစိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိ စီမံကိန်းလျာထားချက် အောင်မြင်ရေးအတွက် မြေလွတ်မြေရိုင်းများဖော်ထုတ်

ရန်ကုန် ဇွန် ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် စစ်တွေတပ်နယ်အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ခေတ်မီဖွံ့ဖြိုးရေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည် များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေမြို့ အမှတ်(၁) ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

NLD ပါတီသည် ပါတီတစ်ခု၊ လူတစ်စုကောင်းစားရေးအတွက် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားကိုဆန့်ကျင်သည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ မန်စီမြို့နယ် NLD ပါတီဝင်ခုနစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၁၃

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မြို့နယ်အလုပ်အမှုဆောင် ခုနစ်ဦးတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့အကြောင်းကြားခဲ့သည်။

အဆိုပါ မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်လွှာပေးအပ်သူ ပါတီဝင်ခုနစ်ဦးတို့သည် ၎င်းတို့၏ နုတ်ထွက်လွှာများကို မေ ၁၃ ရက် နံနက် ၁၀ နာရီတွင် မန်စီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ပေးအပ်ကြပြီး နုတ်ထွက်လွှာများ စုပေါင်းပေးအပ်သည့်အခမ်းအနားကို ကျင်းပခဲ့သည်။

ယင်းအခမ်းအနားသို့ မန်စီမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် NLD ပါတီမှ နုတ်ထွက်သူများ တက်ရောက်ကြပြီး မန်စီမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလဘန်လက **စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ✧

ကြေးမုံ The Mirror အင် တာ နက် သ တင်း များ

ဆိုနီကော်ပိုရေးရှင်းက နောက်ဆုံး ထုတ်လုပ်ထားသည့် ဒီဂျစ်တယ် SLR ကင်မရာအမျိုးအစားဖြစ်သော Alpha 100 ကင်မရာကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျပန်တွင် တစ်ခါသုံးကင်မရာ ဝယ်လိုအားများပြား ဖလင်ကုမ္ပဏီများ လုပ်ငန်းဗျူဟာပြောင်းလဲလာ

တိုကျို ဇွန် ၁၃

ဓာတ်ပုံရိုက်ကူးရန် နှစ်ခြိုက်သည့် ဂျပန်ပြည်သူများအကြား တစ်ခါသုံးကင်မရာများခေတ်စားလာနေကြောင်း၊ ဂျပန်နိုင်ငံရှိ ဓာတ်ပုံဖလင်ထုတ်လုပ်သောကုမ္ပဏီများသည် ပြောင်းလဲလာသော ခေတ်နှင့်အညီ တစ်ခါသုံးကင်မရာများ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ▶

ကြေးမုံ The Mirror ခေါင်းကြီး ဆောင်းပါး အညွှန်း

⇨ ***ကရင်ပြည်နယ်အပါအဝင် နယ်မြေဒေသများအားလုံး ဖွံ့ဖြိုးစည်ပင်တိုးတက်နေခြင်း၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်စွာ ပေါင်းစည်းယှက်နွယ်နေထိုင်နိုင်ခြင်း၏ အခြေခံသည် ငြိမ်းချမ်းတည်ငြိမ်ခြင်းပင် ဖြစ်သည်။***

ခေါင်းကြီး (စာ-၂)

⇨ ***သွေးလိုအပ်၍ သွေးလှူရှင်ရှာဖွေမည်ဆိုပါက ပုံမှန်သွေးလှူရှင်များကို ရှာဖွေရန်လိုအပ်ပါသည်။ ထို့အပြင် သွေးလှူတော့မည်ဆိုပါကလည်း လှူမည့်သူသည် မိမိဘက်က စိတ်ချရပါသည်ဆိုသော အာမခံနိုင်ဖို့လိုအပ်သည်။ သို့မှသာ မှန်မြတ်သောအလှူဖြစ်သည်။***

တက္ကသိုလ်ဖော်ထူးဦး၏ **"မွန်မြတ်ဖြူစင် စေတနာရှင်၊ သွေးလှူခြင်းဖြင့်အသက်ကယ်တင်"**

ဆောင်းပါး (စာ-၃)

(14-6)20.P65 1 32/13/1, 2:39 PM